ဓမ္မဝိနယ-ရှင်ကျင့်ဝတ်

နှင့်

ဓမ္မဝိနယ-ဝတ်ရွတ်စဉ်

၁၁

ဘ၃၈၀

ဒွါရဝါဒီမှ

ဓမ္မဝိနယ-ရှင်ကျင့်ဝတ်

နှင့်

ဓမ္မဝိနယ-ဝတ်ရွတ်စဉ်

★

ဒုတိယ-အကြိမ် ရိုက်နှိပ်ခြင်း

(အုပ်ရေ-၃၀၀၀)

မူလဒွါရ မဟာနိကာယ

အမှုဆောင်အဖွဲ့။

★

၁၃၃၂-ခု၊ တန်ဆောင်မုန်းလ ၁၉၇၀-ခု.

ဒွါရဝါဒီမှ

ဓမ္မဝိနယ ရှင်ကျင့်ဝတ်

နှင့်

ဓမ္မဝိနယ ဝတ်ရွတ်စဉ်

★ ဘာသာရေးဆိုင်ရာ စာပေပုံနှိပ် ထုတ်ဝေ
ခွင့်ပြုချက်အမှတ် (၄၄၃၅)

★ ထုတ်ဝေသူ-ဒေါ်ခင်နု (မြဲ-၀၂၄၀)
ပညာရောင်ခြည်စာပေဌာန၊
ကိုးထပ်ကြီးဘုရား၊ ကြည့်မြင်တိုင်၊

★ ရိုက်နှိပ်သူ-ဦးကြီးမောင် (မြဲ-၀၂၄၀)
ခေတ်-စာပုံနှိပ်လုပ်ငန်း၊
၉၀-ကွမ်းရွှံတန်း၊ ကြည့်မြင်တိုင်၊

★ ချုပ်လုပ်သူ-မောင်မြင့်နှင့်လုပ်သားများ၊
စာအုပ်ချုပ်လုပ်ငန်း၊
အမှတ်-၁၅၉၊ ၃၄-လမ်း၊ ရန်ကုန်မြို့။

★ ဈေးနှုန်း တအုပ်-၁/ ၅၀-ပြား။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	ရှင်သာမဏေလောင်းများ နှလုံးသွင်းရန် တစပဉ္စက ကမ္မဋ္ဌာန်း	၅
၂။	ဆရာရဟန်းအား သင်္ကန်းကပ်ရန်	၆
၃။	ဆရာရဟန်းထံမှ သင်္ကန်းကိုတောင်းရန်	၆
၄။	ရှိခိုးကန်တော့ရန်	၇
၅။	သာမဏေအဖြစ် တောင်းရန်	၇
၆။	သီလတောင်းရန်	၈
၇။	ဘုရားရှိခိုးရန်	၈
၈။	သရဏဂုံ ဆောက်တည်ရန်	၈
၉။	ဥပဇ္ဈာယ်ယူရန်	၉
၁၀။	ပစ္စဝေက္ခဏာပါဠိ	၉
၁၁။	ပစ္စဝေက္ခဏာ ယောဇနာ	၁၀
၁၂။	သိက္ခာပုဒ်ဆယ်ပါး ပါဠိ	၁၃
၁၃။	သိက္ခာပုဒ်ဆယ်ပါး ယောဇနာ	၁၄
၁၄။	ဒဏ်ဆယ်ပါး ပါဠိ	၁၅
၁၅။	ဒဏ်ဆယ်ပါး ယောဇနာ	၁၅
၁၆။	လိင်ဆယ်ပါး ပါဠိ	၁၇
၁၇။	လိင်ဆယ်ပါး ယောဇနာ	၁၇
၁၈။	သေခိယ ပါဠိ	၁၈
၁၉။	သေခိယ ယောဇနာ	၂၄
၂၀။	ခန္ဓကဝတ် ပါဠိ ယောဇနာ	၃၇
၂၁။	ရှင်ပြုနည်း ပဗ္ဗဇ္ဇနယကထာ	၄၂
၂၂။	မူလဒွါရ ဝတ်ရွတ်စဉ်	၄၆

(ဃ)

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၃။	ပရိတ်သုတ်နှင့် သေခိယရွတ်စဉ်	၄၆
၂၄။	ဂုဏ်တော်ဖွင့် ဘုရားဂုဏ်တော် ၉-ပါး ပါဠိ	၄၇
၂၅။	ဘုရားဂုဏ်တော် ၉-ပါး သရုပ်ယောဇနာ	၄၈
၂၆။	တရားဂုဏ်တော် ၆-ပါး ပါဠိ	၅၃
၂၇။	တရားဂုဏ်တော် ၆-ပါး သရုပ်ယောဇနာ	၅၃
၂၈။	သံဃာဂုဏ်တော် ၉-ပါး ပါဠိ	၅၆
၂၉။	သံဃာဂုဏ်တော် ၉-ပါး သရုပ်ယောဇနာ	၅၇
၃၀။	ဘုန်းကြီးသက်ရှည် ဂါထာ	၅၉
၃၁။	နေ့လ နတ်သားများ ရွတ်ဆိုသောဂါထာ	၆၁
၃၂။	ဗြဟ္မဝိဟာရပွား	၆၂
၃၃။	ဒေဝတာ ပိယ မေတ္တာပွား	၆၃
၃၄။	ပကိဏ္ဏက ရွတ်စဉ်များ	၆၄
၃၅။	ဗုဒ္ဓပူဇနစာတမ်း	၆၉
၃၆။	ဆွမ်းတော်ကပ်	၆၉
၃၇။	ရေချမ်းကပ်	၆၉
၃၈။	ပန်းတော်ကပ်	၇၀
၃၉။	ဆီမီးကပ်	၇၁
၄၀။	မူလဒွါရ မဟာနိကာယ ဓမ္မဝိနယ စာမေးပွဲ စည်းမျဉ်းဥပဒေ	၇၃
၄၁။	ပြဋ္ဌာန်းသတ်မှတ်ချက် အတန်းနှင့် ကျမ်းစာများ	၈၄

မာတိကာ ပြီး၏။

နိဒါန်း

မူလဒွါရမဟာနိကာယ သံဃာအစည်းအဝေးကြီးနှင့်တွဲဘက်၍ ၁၃၂၀-ပြည့်နှစ်မှအစပြုကာ နှစ်စဉ်ကျင်းပအပ်သော ဓမ္မဝိနယစာမေးပွဲ၌ ရှင်သာမဏေငယ် များ အတွက် ရှင် ကျင့် ဝတ်ပြန် အတန်းကိုပါ ထည့်သွင်း ပြဌာန်း ထားလေသည်။ မူလဒွါရ ရှင်ကျင့်ဝတ်စာစဉ်သည် ထိုထိုရှင်ကျင့်ဝတ်စာစဉ်တို့နှင့် မတူ ကွဲပြားခြားနားချက်များရှိနေလေရကား၊ ထိုထိုရှင်ကျင့်ဝတ်ပြန်အတန်းကို ဓမ္မဝိနယစာမေးပွဲ၌ ထည့်သွင်း ပြဌာန်းလိုက် သောအခါ ထိုရှင်ကျင့်ဝတ်ပြန် အတန်းဝင်သူတို့ လွယ်ကူစွာလေ့လာကျက်မှတ်ရန်အတွက် ဒွါရဝါဒီမူဓမ္မဝိနယရှင်ကျင့်ဝတ်ဟူ၍စာအုပ်သီးခြားထုတ်ဝေရေးသည် မလွဲမရှောင်သာ လိုအပ် လာခဲ့ ပေသည်။ ထို့ကြောင့် မူလဒွါရ မဟာနိကာယ အမှူဆောင် ဆရာတော်များအဖွဲ့ကိုယ်စား ပြည်မြို့၊ ကန်တွင်း ဆုကောင်းပြည့် ကျောင်းတိုက်ဘုန်းတော်ကြီး ဦးဓမ္မာဘိဝရက ဤ ဒွါရဝါဒီမူ ဓမ္မဝိနယ ရှင်ကျင့်ဝတ်စာစဉ်ကို စီစဉ် ရေး သား၍ နှစ်ကြိမ် တိုင်တိုင် ရိုက်နှိပ်ထုတ်ဝေခဲ့ပေသည်။

ဓမ္မဝိနယ ရှင်ကျင့်ဝတ်စာစဉ်၌ ပစ္စဝေက္ခဏာ ယောဇနာမှာ ဒွါရဝါဒီအာဒိကမ္မိက ကျေးဇူးရှင် အုတ်ဖို ဆရာတော်ဘုရားကြီး ရေးသားထားတော်မူခဲ့ခြင်းဖြစ်လေသည်။ သက္ကန်းစသည် ပစ္စည်း

လေးပါးကိုမှီ၍ ရှေ့နောက်အဆက်အစပ်ကို စိစစ်ခြင်း၊ အမြဲ မှီ၍ ခြင်းတို့ကို စီစစ် ခွဲခြား၍ ယောဇနာမှု စသည်တို့ကို တွေ့ရှိ နိုင်ကြပေသည်။ သာမဏေ သိက္ခာပုဒ် ဆယ်ပါး ဟူသည်မှာ ဒဏ္ဍကမ္မ အတွင်း၌ ငါးပါး၊လိင်္ဂနာသနအတွင်း၌ ငါးပါး ပါဝင်ပြီးဖြစ်သောကြောင့် ထိုထိုရှင်ကျင့်ဝတ်စာစဉ်တို့၌ ထိုသိက္ခာပုဒ် ဆယ်ပါးကို သီးခြား ဘော်ပြခြင်းမပြုကြကုန်။ သို့ရာတွင် ဝိနည်းပါဠိတော်၌ ထိုသိက္ခာပုဒ် ဆယ်ပါးကို သီးခြားခွဲ၍ပြုဘော်ပြထားသောကြောင့် ဤမေ့ ဝိနယ ရှင်ကျင့်ဝတ်စာစဉ်၌ သီးခြား ဘော်ပြ ထားအပ်ပေသည်။ ဒဏ္ဍကမ္မ-လိင်္ဂနာသန ပါဠိတို့ကိုလည်း ဝိနည်း ပါဠိတော်၌ ဟော ဘော်အပ်သည့်အတိုင်းပင် ဘော်ပြထားလျက် သေခိယ၌ အနက် အဓိပ္ပါယ် ဆောင်လွယ်စေရန် အကျဉ်းဆုံး ယောဇနာ ထားကာ ခန္ဓကဝတ်၌လည်း အဋ္ဌကထာ တို့၏ အဆို အလိုတော် ကျဖြင့် ယောဇနာထားအပ်ပေသည်။ ဤသည်တို့သည်ပင် မူလဒွါရ ရှင်ကျင့်ဝတ်စာစဉ်၏ ထိုထို ရှင်ကျင့်ဝတ် စာစဉ်တို့နှင့် မတူ ကွဲပြား ခြားနားချက်များ ဖြစ်ကြပေသည်။

ဓမ္မဝိနယစာမေးပွဲ၌ ရှင်သာမဏေငယ်များအတွက် ပြဌာန်း ထားသည့်တို့မှာ ပစ္စဝေက္ခဏာပါဠိ ယောဇနာမှုစ၍ ခန္ဓကဝတ် ပါဠိ ယောဇနာတိုင်ရုံမျှသာဖြစ်ပေသည်။ဤစာအုပ်၌ ဒွါရဝါဒီ တို့၏ ရှင်ပြုနည်းအစဉ်ကိုသိရှိရန် ရှင်သာမဏေလောင်းတို့ ကျက် မှတ်ရမည့် တစပဉ္စက ကမ္မဋ္ဌာန်းမှစ၍ ထိုထို ရှင်ကျင့်ဝတ် စာစဉ် များနည်းတူ သက်န်းကပ်စသည်တို့ကိုရင်း၊နောက်ဘက်၌ ကျေးဇူး

သျှင် အဂ္ဂပူဆရာတော်ကြီးဘုရား မိန့်ကြားအပ်သော ရှင်ပြုနည်း (ပဗ္ဗဇ္ဇနယကထာ)ကိုရင်း ဖော်ပြ ထားပေသည်။ ထို ပဗ္ဗဇ္ဇနယကထာကို ပြည်-ကန်တွင်းဘုန်းတော်ကြီးသည်ပင် အကျယ်ဖွင့်ဆို ရေးသားအပ်သော ပဗ္ဗဇ္ဇနယဝဏ္ဏနာကို ပထမအကြိမ်ရိုက်၍ထည့် သွင်းအပ်သော်လည်း ဒုတိယ အကြိမ် ရိုက်၍ ၎င်းကို ပယ်နုတ်၍ နိကာယဝင် သာမဏေငယ်တို့အတွက် ပိုမို သိလား အပ်သော မူလ ဒွါရ ဓမ္မဝိနယဝတ်ရွတ်စဉ်ကိုရင်း၊ ဤစာအုပ် ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းဖြစ်သော ဓမ္မဝိနယစာစဉ်နှင့် စည်းမျဉ်းဥပဒေနှင့် ပြဋ္ဌာန်းချက် များကိုရင်း ထည့်သွင်းခဲ့ပေသည်။ ယခု တတိယ အကြိမ်ရိုက်၍ ဒုတိယအကြိမ်ရိုက်မှုတွင် အဘိဖို ကျေးဇူးသျှင်ကြီး ဘုရား ရေးသားအပ်သော ဗုဒ္ဓပူဇနီယစာတန်းကို ထပ်လောင်းဖြည့် သွင်း၍ ရိုက်နှိပ်ခြင်းပြုအပ်ပါသတည်း။

ဓမ္မဝိနယ-ပညာရေးအဖွဲ့။
၁၃[illegible]-ခုနှစ် တပေါင်းလပြည့်နေ့။



ဒွါရဝါဒီမှ

ဓမ္မဝိနယ ရှင်ကျင့်ဝတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရှင်သာမဏေလောင်းများ နှုတ်လုံးသွင်းရန်

တစပဉ္စက ကမ္မဋ္ဌာန်း

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ၊ လောမာ
နခါ၊ ဒန္တာ၊ တစော၊ အသုစိ၊ ဇေဂုစ္ဆာ၊ ပဋိကူလာ၊
နိဇ္ဇီဝါ၊ နိဿတ္တာ။

ဣမသ္မိံ ကာယေ၊ ဤ ကိုယ်ကောင်၌။ ကေသာ၊ ဆံပင်တို့သည်။ အတ္ထိ၊ ရှိကုန်၏။ လောမာ၊ မွေးညှင်းတို့သည်။ အတ္ထိ၊ ရှိကုန်၏။ နခါ၊ ခြေသည်း, လက်သည်း တို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဒန္တာ၊ သွားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တစော၊ အရေပါး, အရေထူသည်။ အတ္ထိ၊ ရှိ၏။ ဣမေ၊ ဤဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေပါး, အရေထူ တို့သည်။ အသုစိ၊ မစင်ကြယ်ကုန်။ ဇေဂုစ္ဆာ၊ စက်ဆုပ်ဘွယ် ရှိကုန်၏။ ပဋိကူလာ၊ ရွံရှာဘွယ် ရှိကုန်၏။ နိဇ္ဇီဝါ၊ အသက်လည်းမရှိကုန်။ နိဿတ္တာ၊ သတ္တဝါလည်း မဟုတ်ကုန်။

ဆရာရဟန်းအား သင်္ကန်းကပ်ရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရ-
ဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ
ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မျက်မှောက် ပြုပါရခြင်း အကျိုးငှါ။ ဣမံ ကာသာဝံ၊ အကျွန်ုပ် လက်၌ ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ၊ ယူတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ် သနား သည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ပြုတော်မူပါကုန်ဘုရား။

ဆရာရဟန်းထံမှ သင်္ကန်းကိုတောင်းရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရ-
ဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ
အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ထွက် မြောက်ရာ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မျက်မှောက် ပြု ပါ ရခြင်း အကျိုးငှါ။ ဧတံ ကာသာဝံ၊ အရှင်ဘုရားလက်တော်၌ရှိသော ထိုသင်္ကန်းကို။ ဒတွာ၊ ပေးတော်မူ၍။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ပြုတော်မူပါကုန်ဘုရား။

ရှိခိုးကန်တော့ရန်

ဩကာသ ဩကာသ ဩကာသ ကာယဒွါရ ဝစီဒွါရ မနောဒွါရ တည်းဟူသော သုံးပါးကုန်သော ဒွါရတို့ဖြင့် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါး ဆရာသမားတို့အား ညွတ်တွား ရိုကျိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မန်လျှော့ ကန်တော့ပါ၏၊ ဤသို့ ရှိခိုးပူဇော် ဖူးမျှော်မန်လျှော့ ကန်တော့ရသော ကုသိုလ်စေတနာတို့ကြောင့် အပါယ်လေးပါး, ကပ် သုံးပါး, ရပ်ပြစ် ရှစ်ပါး, ရန်သူမျိုး ငါးပါး, ဝိပ္ပတ္တိတရား လေးပါး, ဗျသနတရား ငါးပါး၊ မိစ္ဆာဝါဒ, အသဒ္ဓမ္မ, သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အစရှိကုန်သော ဘေးရန် အပေါင်းတို့မှ ဘဝဆက်ကာ ပစ္စုပ္ပန်သံသရာ၌ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ လူနတ်ချမ်းသာ မဟာသမ္ပတ္တိ ဝိမောက္ခစျာန် မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ချမ်းသာမြတ်ကို ရပါလို၏အရှင်ဘုရား။

သာမဏေအဖြစ် တောင်းရန်

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစ-နတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစ-နတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဘန္တေ၊ အရှင်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခ တော၊ သံသရာဝဋ္ဋဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက် ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ယာစာမိ၊ တောင်းပန်ပါ၏ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲ မှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ယာစာမိ၊ တောင်းပန်ပါ၏အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ် မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေအဖြစ်ကို။ အဟံ၊ အကျွန်ုပ်သည်။ယာစာမိ၊ တောင်းပန်ပါ၏အရှင်ဘုရား။

သီလတောင်းရန်

အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဘုရားရှိခိုးရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သရဏဂုံဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓမ် သရဏာမ် ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မမ် သရဏာမ် ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃမ် သရဏာမ် ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓမ် သရဏာမ် ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မမ် သရဏာမ် ဂစ္ဆာမိ၊ တတိယမ္ပိ သံဃမ် သရဏာမ် ဂစ္ဆာမိ။

(ဤကား-မကာရန္တ)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(ဤကား-နိဂ္ဂဟိတန္တ)

ဥပဇ္ဈာယ်ယူရန်

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ (၃-ခေါက်ဆို)

ဘန္တေ၊ အရှင်ဘုရား။ တုံ၊ အရှင်ဘုရားသည်။ မေ၊ တပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီး ငယ် အသွယ်သွယ်ကို မြစ်ပယ်ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာမြတ်သည်။ ဟောဟိ၊ ဖြစ်တော်မူပါ အရှင်ဘုရား။

ပစ္စဝေက္ခဏာပါဠိ

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ။

ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ နေဝ ဒဝါယ န မဒါယ န မဏ္ဍနာယ န ဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ၊ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာ နာရာမတ္ထံ။

ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗျာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇပရမတာယ။

ပစ္စဝေက္ခဏာ ယောဇနာ

ယောနိသော၊ လောဘ တဏှာ ရာဂမပွား အသင့်အားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ဪလဲ ကြိမ်ဖန် ဉာဏ်ဖြင့် ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ယာဝဒေဝ၊ အကြင်မျှလောက် ရောက်လာ သီးသန့် အခိုက်အတန့်ဖြစ်သော။ သီတဿ၊ အေးမြပင်ပန်း ကိုယ်အချမ်းကို။ ပဋိဃာတာယ၊ စင်လွင့် ဝေးဖျောက် ကင်းပျောက်စေခြင်း အကျိုးငှါငင်း။ ဥဏှဿ၊ ရိန္နမ်းလိုက်ဆူ ကိုယ်အပူကို။ ပဋိဃာတာယ၊ စင်လွင့် ဝေး ဖျောက် ကင်း ပျောက် စေ ခြင်း အကျိုးငှါငင်း။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ၊ မှက်, ခြင်, ယင်, လေ, နေပူတံလျှပ်, မြွေ, ကင်း, သန်းတို့၏ အတွေ့တို့ကို။ ပဋိဃာတာယ၊ စင်လွင့်ဝေးဖျောက် ကင်းပျောက်စေခြင်း

အကျိုး ငှါ ရင်း။ ယာဝဒေဝ၊ အကြင်မျှလောက် မဖေါက်မလွဲ
အမြဲဖြစ်သော။ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ၊ ရှက်ကြောက် တထွေ
အသရေကို သွေလှန်ရင့်သီး ဖျက်ဆီးတတ်သော ကိုယ်အင်္ဂါအလုံး
ကို ဖုံးလွှမ်းခြင်းအကျိုးငှါရင်း။ အဟံ၊ ငါသည်။ ပဋိသေဝါမိ၊
စုလျားပိုက်ခြုံ ဝတ်ရုံပါ၏။

ယောနိသော၊ လောဘ တဏှာ ရာဂမပွား အသင့်အားဖြင့်။
ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ဩဘာ်လဲကြီးမ်ဖန် ဉာဏ်ဖြင့်ဆင်ခြင်၍။ ပိဏ္ဍ
ပါတံ၊ ခဲဘွယ် ဘောဇဉ် မည်တွင်ပိဏ္ဍ အာဟာရကို။ ဒဝါယ၊
ရွာသူ သားငယ် တို့ကဲ့သို့ ရယ်မွူး ပျော်ပါး ကစား ရွှင်မြူးခြင်း
အကျိုးငှါ။ နေဝ ပဋိသေဝါမိ၊ ဝမ်းပြည့် ပိုက်ကား ငါမစား။
မဒါယ၊ လက်ဝှေ့ လက်ပမ်းသည် တို့ကဲ့သို့ နှစ်လီမာန ဗလပုရိသ
ဘက်ကြွရမ်းကား မာန်ပွားစေခြင်း အကျိုးငှါ။ န ပဋိသေဝါမိ၊
ဝမ်းပြည့်ပိုက်ကား ငါမစား။ န မဏ္ဍနာယ၊ နန်းတွင်းကညာ ပြည့်
တန်ဆာတို့ကဲ့သို့ အင်္ဂါကြီးငယ် သွယ်လှယ်ရောင်ဆင်း တန်ဆာ
ဆင်ခြင်းအကျိုးငှါ။ န ပဋိသေဝါမိ၊ ဝမ်းပြည့်ပိုက်ကားငါမစား။
ဝိဘူသနာယ၊ ကခြေသည် ဂျွမ်းသမားတို့ကဲ့သို့ အသားအရေ ပြေ
ပြစ် ပြေ့ပျောင်း နူနွောင်းနုနယ် တင့်တယ်စေခြင်းအကျိုးငှါ။ န
ပဋိသေဝါမိ၊ ဝမ်းပြည့်ပိုက်ကား ငါမစား။ ယာဝဒေဝ၊ အကြင်
မျှလောက်မဘောက်မလွဲ အမြဲဖြစ်သော။ ဣမဿ ကာယဿ၊ ဤ
ဥပါဒိန္နကကိုယ်ကာယ၏။ ဌိတိယာ၊ မသွေမပြောင်း တည်ကြောင်း
ဖြစ်သော ဇီဝိတိန္ဒြေကို။ ယာပနာယ၊ အာယုသက်ကာပ် မပြတ်မြင့်
ရှည် တည်စေခြင်း အကျိုးငှါရင်း။ ဝိဟိံသူပရတိယာ၊ နှိပ်စက်
ညှဉ်းဆောင် ဆာလောင် ပူပြင်း ဆင်းရဲခြင်းကို ဖျောက်ခြင်း
အကျိုးငှါရင်း။ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ သာသနာဟူလင့် မြတ်
အကျင့်ကိုချီးမြှင့်ခြင်းအကျိုးငှါရင်း။ ပိဏ္ဍပါတံ၊ ခဲဘွယ်ဘောဇဉ်

မည်တွင်ပိဏ္ဍ အာဟာရကို။ အဟံ၊ ငါသည်။ ပဋိသေဝါမိ၊ မှီဝဲ
နှိုင်းရှည့် သုံးဆောင်၏။ ဣတိ ဣမိနာ ပကာရေန၊ ဤသို့သုံးစား
အပြားအားဖြင့်။ ပုရာဏံ၊ ဦးစွာသနစ် အဟောင်းဖြစ်သော။ ဝေ
ဒနဉ္စ၊ ဆင်းရဲဝေဒနာ ကိုလည်း။ ပဋိဟင်္ခါမိ၊ ဖျောက်အံ့။ နဝံ၊
အသစ်ဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာကိုလည်း။ န ဥပ္ပါဒေ
ဿာမိ၊ မဖြစ်စေအံ့။ ယာ ကြာ စ၊ ယုတ်မြတ်မရှိ ဣရိယာပထ ညီ
မျှခြင်း သည်လည်း။ မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အန
ဝဇ္ဇတာ စ၊ သံသရာပစ္စုပ္ပန် နှစ်တန်စွန်းညီ အပြစ်မရှိသော အဖြစ်
သည်၎င်း။ ဖါသုဝိဟာရော စ၊ ချမ်းသာစွာ နေရခြင်းသည်၎င်း။
မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ မနသိကတွာ၊ ဤသို့
ပိုက်ကြုံး နှလုံးသွင်း၍။ ပိဏ္ဍပါတံ၊ ခဲဘွယ်ဘောဇဉ် မည်တွင်ပိဏ္ဍ
အာဟာရကို။ အဟံ၊ ငါယည်။ ပဋိသေဝါမိ၊ မှီဝဲနှိုင်းရှည့် သုံး
ဆောင်၏။

ယောနိသော၊ လောဘ တဏှာ ရာဂမပွား အသင့်အားဖြင့်။
ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ပြောင်လဲ ကြိမ်ဖန် ဉာဏ်ဖြင့် ဆင် ခြင်၍၊
သေနာသနံ၊ ပထိုင် သောင်ခစောင်း ကျောင်း အိပ်ရာ ဖျာ သင်ဖြူး
ကို။ ယာဝဒေဝ၊ အကြင်မျှလောက် ရောက်လာသီးသန့် အခိုက်
အတုံ့ဖြစ်သော။ သီတဿ၊ အေးမြပင်ပန်း ကိုယ်အချမ်းကို။ ပဋိ
ဃာတာယ၊ စင်လွင့်ဝေးဖျောက် ကင်းပျောက်စေခြင်း အကျိုးငှါ
၎င်း။ ဥဏှဿ၊ ရှိန္ဒမ်းလှိုက်ဆူ ကိုယ်အပူကို။ ပဋိဃာတာယ၊ စင်
လွင့်ဝေးဖျောက် ကင်းပျောက်စေခြင်းအကျိုးငှါ၎င်း။ ဍံသ မကာသ
ဝါတာတပ သရီသပ သမ္ဖဿာနံ၊ မှက်, ခြင်, ယင်, လေ, နေပူ
ဘံလျှပ်, မြွေ, ကင်း, သန်းတို့၏ အတွေ့တို့ကို။ ပဋိဃာတာယ၊ စင်
လွင့်ဝေးဖျောက် ကင်းပျောက် စေခြင်း အကျိုးငှါ၎င်း။ ယာဝ
ဒေဝ၊ အကြင်မျှလောက် မဘောက်မလွဲ အမြဲ ဖြစ်သော။ ဥတု

ပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံ၊ ချမ်းပူဥတု တခုမကျန် ဘေးရန်ဟူသမျှ ကင်းပစေခြင်း ကမ္မဋ္ဌာန်းအာရုံ တွေ့ကြုံမလပ် ကိန်းဝပ်ရွှင်ပျော် မွေ့လျော်စေခြင်း အကျိုးငှါရင်း။ အဟံ၊ ငါ သည်။ ပဋိသေဝါမိ၊ မှီဝဲနိုင်းရှည့် သုံးဆောင်၏။

ယောနိသော၊ လောဘ တဏှာ ရာဂမပွား အသင့်အားဖြင့်။ ပဋိသင်္ခါ--ပဋိသင်္ခါယ၊ ဖြော်လဲကြိမ်ဖန် ဉာဏ်ဖြင့် ဆင်ခြင်၍။ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ နှလုံးမသာ သူနာတို့၏ ချမ်းသာစေကြောင်း ကောင်းစွာစုဝေး ဆေးဟူသမျှကို။ ယာဝဒေဝ၊ အကြင်မျှလောက် မဘောက်မလွဲ အမြဲဖြစ်သော။ ဥပ္ပန္နာနံ၊ အထူးထူး အပြားပြား ဖြစ်ပေါ်လာကုန်သော။ ဝေယျာဗျာဓိကာနံ၊ ဓာတ်လေးပါးတို့၏ ချောက်ခြားခြင်းတို့နှင့် မကင်း ချောက်ခြားခြင်းတို့ကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဝေဒနာတို့၏။ ပဋိဃာတာယ၊ စင်လွင့်ဝေးဖျောက် ကင်းပျောက်စေခြင်းအကျိုးငှါ။ အဗျာပဇ္ဇပရမတာယ၊ ဝေဒနာကင်းပျောက်သော ကာလ အတိုင်းအရှည်ဖြင့်သာလျှင်။ အဟံ၊ ငါသည်။ ပဋိသေဝါမိ၊ မှီဝဲနိုင်းရှည့် သုံးဆောင်၏။

ပစ္စဝေက္ခဏာပါဠိ ယောဇနာ ပြီး၏။

သိက္ခာပုဒ်ဆယ်ပါး ပါဠိ

အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ ဒသ သိက္ခာပဒါနိ၊ တေသု စ သာမဏေရေဟိ သိက္ခိတုံ၊ ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ အဗြဟ္မစရိယာ ဝေရမဏီ၊ မုသာဝါဒါ ဝေရမဏီ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ၊ ဝိကာလ ဘောဇနာ ဝေရမဏီ၊ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရ

မဏီ၊ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရ
မဏီ၊ ဥစ္စာသယန မဟာသယနာ ဝေရမဏီ၊ ဇာတရူပ ရဇတ
ပဋိဂ္ဂဟဏာ ဝေရမဏီ၊ အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ
ဣမာနိ ဒသ သိက္ခာပဒါနိ၊ ဣမေသု စ သာမဏေရေဟိ သိက္ခိတုန္တိ။

သိက္ခာပုဒ်ဆယ်ပါး ယောဇနာ

ဘိက္ခဝေ၊ ရဟန်းတို့။ သာမဏေရာနံ၊ သာမဏေ တို့အား၊
ဒသသိက္ခာပဒါနိ၊ ဆယ်ပါးကုန်သော သိက္ခာပုဒ်တို့ကို။ အနုဇာ
နာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ တေသု စ၊ ထိုသိက္ခာပုဒ်တို့၌
လည်း။ သာမဏေရေဟိ၊ သာမဏေတို့ကို။ သိက္ခိတုံ၊ ကျင့်စိမ့်
သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ပါဏာတိပါ
တာ၊ သူ၏အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်း။ အဒိန္နာ
ဒါနာ၊ အရှင်မပေးသော သူ၏ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီ၊
ကြဉ်ခြင်း။ အဗြဟ္မစရိယာ၊ မမြတ်သော မေထုန်အကျင့်မှ။ ဝေရ
မဏီ၊ ကြဉ်ခြင်း။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ပြော
ဆိုခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်း။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊
ယစ်ခြင်း မေ့လျော့ခြင်း၏ အကြောင်းတည်းဟူသော သေရည်
သေရက်ကို သောက်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်း။ ဝိကာလဘော
ဇနာ၊ နေ့လွဲညစာစားခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်း။ နစ္စ ဂီတ
ဝါဒိတ ဝိသူက ဒဿနာ၊ သာသနာတော်၏ ငြောင့်တံကျင်နှင့်
တူသော ကခြင်း သီခြင်း တီးမှုတ်ခြင်း တို့ကို ကြည့်ရှုခြင်း နား
ထောင်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်း။ မာလာဂန္ဓ ဝိလေပန ဓာ
ရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ပန်းနံ့သာမှုန့်ချေခြင်း နံ့သာပျောင်း
ဖြင့် တန်ဆာဆင်ခြင်း အကြောင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်း။ ဥစ္စာ
သယန မဟာသယနာ၊ ပမာဏထက်မြင့်သော အိပ်ရာနေရာ မြတ်

သော အိပ်ရာနေရာတို့၌ အိပ်ခြင်းနေခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်း။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ၊ ရွှေငွေ အသပြာစသည်တို့ကို ခံခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သာမဏေရာနံ သာမဏေတို့အား။ ဣမာနိဒသသိက္ခာပဒါနိ၊ ဤ ဆယ်ပါးကုန်သော သိက္ခာပုဒ်တို့ကို။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။ ဣမေသု စ၊ ဤသိက္ခာပုဒ်တို့၌လည်း။ သာမဏေရေဟိ၊ သာမဏေတို့ကို။ သိက္ခိတုံ ကျင့်စိမ့်သောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။

သိက္ခာပုဒ်ဆယ်ပါး ပါဠိ ယောဇနာ ပြီး၏။

ဒဏ်ဆယ်ပါး ပါဠိ

အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတုံ၊ ဝိကာလဘောဇနော ဟောတိ၊ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော ဟောတိ၊ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော ဟောတိ၊ ဥစ္စာသယန မဟာသယနော ဟောတိ၊ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော ဟောတိ၊ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ၊ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ၊ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတုန္တိ။

ဒဏ်ဆယ်ပါး ယောဇနာ

ဘိက္ခဝေ၊ ရဟန်းတို့။ ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေ

ရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ ဒဏ်ပေးခြင်းအမှုကို။ ကာတုံ ပြုခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဝိကာလဘောဇနော၊ နေလွဲညစာ စားသည်။ ဟောတိ၊ ဖြစ်၏။ နစ္စ ဂီတဝါဒိတ ဝိသူက ဒဿနော၊ သာသနာတော်၏ ငြောင့်တံကျင်နှင့်တူသော ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နားထောင်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ မာလာဂန္ဓ ဝိလေပန ဓာရဏမဏ္ဍန ဝိဘူသနော၊ ပန်းပန်ခြင်း နံ့သာမှုန့်ချေခြင်း နံ့သာပျောင်းဖြင့် တန်ဆာဆင်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥစ္စာသယနမဟာသယနော၊ ပမာဏထက်မြင့်သော အိပ်ရာနေရာ မြတ်သောအိပ်ရာနေရာတို့၌ အိပ်ခြင်း နေခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော၊ ရွှေ ငွေ အသပြာ စသည်တို့ကို ခံခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနံ၊ ရဟန်းတို့အား။ အလာဘာယ၊ ရအပ်သောလာဘ်ကို မရစိမ့်သောငှါ။ ပရိသက္ကတိ၊ လုလ္လပြု၏။ ဘိက္ခုနံ၊ ရဟန်းတို့အား။ အနတ္ထာယ၊ အကျိုးမဲ့ဘေးဥပါဒ်ဖြစ်စိမ့်သောငှါ။ ပရိသက္ကတိ၊ လုလ္လပြု၏။ ဘိက္ခုနံ၊ ရဟန်းတို့အား။ အဝါသာယ၊ ကျောင်း၌ မနေရစိမ့်သောငှါ။ ပရိသက္ကတိ၊ လုလ္လပြု၏။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ရေရွတ်၏။ ဘိက္ခူ၊ရဟန်းတို့ကို။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ ဘေဒေတိ၊ ဂုံးတိုက်သဖြင့် ကွဲပြားအောင်ပြု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိ အင်္ဂေဟိ၊ ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ ဒဏ်ပေးခြင်းအမှုကို။ ကာတုံ ပြုခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။

ဒဏ်ဆယ်ပါး ပါဠိ ယောဇနာ ပြီး၏။

လိင်ဆယ်ပါး ပါဠိ

အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမန္နာဂတံ သာမဏေရံ နာသေတုံ၊ ပါဏာတိပါတီ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ အဗြဟ္မစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ မဇ္ဇပါယီ ဟောတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ဘိက္ခုနိ ဒူသကော ဟောတိ၊ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ ဒသဟင်္ဂေဟိ သမန္နာဂတံ သာမဏေရံ နာသေတုန္တိ။

လိင်ဆယ်ပါး ယောဇနာ

ဘိက္ခဝေ၊ ရဟန်းတို့။ ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ သာမဏေရံ၊ သာမဏေကို။ နာသေတုံ၊ လိင်ဖြင့်ပျက်စီးစေခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ပါဏာတိပါတီ၊ သူ၏အသက်ကို သတ်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါယီ၊ အရှင်မပေးသော သူ၏ဥစ္စာကိုခိုးယူခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ အဗြဟ္မစာရီ၊ မမြတ်သော မေထုန်အကျင့်ကိုကျင့်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒီ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ မဇ္ဇပါယီ၊ သေရည်သေရက်ကိုသောက်ခြင်းရှိသည်။ ဟောတိ၊ဖြစ်၏။ ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသတိ၊ ပြောဆို၏။ ဓမ္မဿ၊ တရားတော်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသတိ၊ ပြောဆို၏။ သံဃဿ၊ သံဃာတော်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသတိ၊ပြောဆို၏။ မိစ္ဆာဒိဋ္ဌိကော၊သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိအယူရှိသည်။ ဟောတိ၊ဖြစ်၏။ဘိက္ခုနိဒူသကော၊ မေထုန်မှီဝဲသောအားဖြင့် ဘိက္ခုနီမကိုဖျက်ဆီး သည်။

ယောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိ အင်္ဂေဟိ၊ ဤအကြောင်း အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ သာမဏေရံ၊ သာမဏေကို။ နာသေတုံ၊ လိင်ဖြင့် ပျက်စီးမှုသောငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ လိင်ဆယ်ပါးပါဠိ ယောဇနာ ပြီး၏။

သေခိယပါဠိ

ဣမေ ခေါ ပနာယသ္မန္တော သေခိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

၁။ ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။

၂။ ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။

၃။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၄။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၅။ သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာကရဏီယာ။

၆။ သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာကရဏီယာ။

၇။ ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာကရဏီယာ။

၈။ ဩက္ခိတ္တစက္ခု အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၉။ န ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၀။ န ဥက္ကုဋိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

၁၁။ န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၂။ န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၃။ အပ္ပသဒ္ဒေါ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၄။ အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၅။ န ကာယပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၆။ န ကာယပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၇။ န ဗာဟုပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၈။ န ဗာဟုပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၉။ န သီသပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၀။ နှ သိသပ္ပစာလကံ အန္တရာယရေ နိဿိဒိဿာမိတိ သိက္ခာ ကရဏီယာ။

ဥဇ္ဈဂ္ဃိကဝဂ္ဂေါ ဒုတိယော။

၂၁။ နှ ခမ္ဘကတော အန္တရာယရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၂၂။ နှ ခမ္ဘကတော အန္တရာယရေ နိဿိဒိဿာမိတိ သိက္ခာ ကရဏီယာ။

၂၃။ နှ ဩဂုဏ္ဌိတော အန္တရာယရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၂၄။ နှ ဩဂုဏ္ဌိတော အန္တရာယရေ နိဿိဒိဿာမိတိ သိက္ခာ ကရဏီယာ။

၂၅။ နှ ဥက္ကုဋိကာယ အန္တရာယရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၂၆။ နှ ပလ္လတ္ထိကာယ အန္တရာယရေ နိဿိဒိဿာမိတိ သိက္ခာ ကရဏီယာ။

၂၇။ သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

၂၈။ ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

၂၉။ သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

၃၀။ သမတိတ္ထိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

ခမ္ဘကတဝဂ္ဂေါ တတိယော။

၃၁။ သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၂။ ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၃။ သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၄။ သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၅။ န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၆။ န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။

၃၇။ န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၈။ န ဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိ သိက္ခာ ကရဏီယာ။

၃၉။ နာတိမဟန္တံ ကဗဠံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၀။ ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

သက္ကစ္စဝဂ္ဂေါ စတုတ္ထော။

၄၁။ န အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၂။ န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။

၄၃။ န သကဗဠေန မုခေန ဗျာဟရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၄။ န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၅။ န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၆။ န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၇။ န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၈။ န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၉။ န ဇိဝှါနိစ္ဆာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၀။ န စပုစပုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ကဗဠဝဂ္ဂေါ ပဉ္စမော။

၅၁။ န သုရုသုရုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၂။ န ဟတ္ထနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၃။ န ပတ္တနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၄။ န ဩဋ္ဌနိလ္လေဟကံ ဘုဉ္ဇိဿာမိ သိက္ခာ ကရဏီယာ။

၅၅။ န သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဟေ-
ဿာမီတိ သိက္ခာ ကရဏီယာ။

၅၆။ န သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ
သိက္ခာ ကရဏီယာ။

၅၇။ န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ
သိက္ခာ ကရဏီယာ။

၅၈။ န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ
သိက္ခာ ကရဏီယာ။

၅၉။ န သတ္ထပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ
သိက္ခာ ကရဏီယာ။

၆၀။ န အာဝုဓ ပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

သုရုသုရုဝဂ္ဂေါ ဆဋ္ဌော။

၆၁။ န ပါဒုကာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၂။ န ဥပါဟနာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၃။ န ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၄။ န သယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၅။ န ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၆။ န ဝေဌိတ သီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၇။ န ဩဂုဏ္ဌိတ သီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၈။ န ဆမာယံ နိသီဒိတွာ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ သရဏီယာ။

၆၉။ န နီစေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၀။ န ဌိတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၁။ န ပစ္ဆတော ဂစ္ဆန္တေန ပုရတော ဂစ္ဆန္တဿ အဂိလာ
နဿ နမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၂။ န ဥပ္ပထေန ဂစ္ဆန္တေန ပထေန ဂစ္ဆန္တဿ အဂိလာနဿ
ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၃။ န ဌိတော အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ
ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၄။ န ဟရိတေ အဂိလာနော ဥစ္စာရံဝါ ပဿာဝံ ဝါ ခေဠံ
ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၅။ န ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ
ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

ပါဒုကဝဂ္ဂေါ သတ္တမော။
သေခိယ ဓမ္မာ နိဋ္ဌိတာ။

သေခိယ ယောဇနာ

အာယသ္မန္တော၊ အရှင်ဘုရားတို့။ သေခိယာ၊ သေခိယအမည်
ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ ဤသိက္ခာပုဒ်တို့သည်။ ဥဒ္ဒေ
သံ၊ အကျဉ်းပြခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

၁။ အဟံ၊ ငါသည်။ ပရိမဏ္ဍလံ၊ အဝန်း ညီစွာ။ နိဝါ
သေဿာမိ၊ သင်းပိုင်ကိုဝတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊
အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၂။ အဟံ၊ငါသည်။ ပရိမဏ္ဍလံ၊အဝန်းညီစွာ။ ပါရုပိဿာမိ၊
ကိုယ်ဝတ်ကို ရုံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။
ကရဏီယာ၊ ပြုကျင့်အပ်၏။

၃။ အဟံ၊ ငါသည်။ သုပ္ပဋိစ္ဆန္နော၊ ကောင်းစွာ ဖုံးလွှမ်း လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့် အပ်၏။

၄။ အဟံ၊ ငါသည်။ သုပ္ပဋိစ္ဆန္နော၊ ကောင်း စွာဖုံးလွှမ်း လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ နိသီဒိဿာမိ၊ နေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြု ကျင့်အပ်၏။

၅။ အဟံ၊ ငါသည်။ သုသံဝုတော၊ ကောင်းစွာစောင့်ရှောက် လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့် အပ်၏။

၆။ အဟံ၊ ငါသည်။ သုသံဝုတော၊ ကောင်းစွာစောင့်ရှောက် လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ နိသီဒိဿာမိ၊ နေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့် အပ်၏။

၇။ အဟံ၊ ငါသည်။ ဩက္ခိတ္တစက္ခု၊ ချအပ်သော မျက်လွှာ ရှိသည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီ ယာ၊ ပြုကျင့်အပ်၏။

၈။ အဟံ၊ ငါသည်။ ဩက္ခိတ္တစက္ခု၊ ချအပ်သော မျက်လွှာ ရှိသည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ နိသီဒိဿာမိ၊ နေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၉။ အဟံ၊ ငါသည်။ ဥက္ကိတ္တကာယ၊ သက်နှးကို ပင့်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၁၀။ အဟံ၊ ငါသည်။ ဥက္ကိတ္တကာယ၊ သက်နှးကို ပင့်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

ပဌမော၊ ရှေးဦးစွာသော။ ပရိမဏ္ဍလဝဂ္ဂေါ၊ ပရိမဏ္ဍလဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

၁၁။ အဟံ၊ ငါသည်။ ဥဇ္ဇဂ္ဃိကာယ၊ ပြင်းစွာရယ်မောလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၁၂။ အဟံ၊ ငါသည်။ ဥဇ္ဇဂ္ဃိကာယ၊ ပြင်းစွာရယ်မောလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၁၃။ အဟံ၊ ငါသည်။ အပ္ပသဒ္ဒေါ၊ ငယ်သော အသံ ရှိသည် ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၁၄။ အဟံ၊ ငါသည်။ အပ္ပသဒ္ဒေါ၊ ငယ်သောအသံ ရှိသည် ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ နိသီဒိဿာမိ၊ နေအံ့။

ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြု ကျင့်အပ်၏။

၁၅။ အဟံ၊ ငါသည်။ ကာယပ္ပစာလကံ၊ ကိုယ်ကို လှုပ်၍ လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ နဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၁၆။ အဟံ၊ ငါသည်။ ကာယပ္ပစာလကံ၊ ကိုယ်ကိုလှုပ်၍ လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ နနိသီဒိဿာမိ၊ မနေအံ့၊ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၁၇။ အဟံ၊ ငါသည်။ ဗာဟုပ္ပစာလကံ၊ လက်ရုံးကိုလှုပ်၍ လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့် အပ်၏။

၁၈။ အဟံ၊ ငါသည်။ ဗာဟုပ္ပစာလကံ၊ လက်ရုံးကို လှုပ်၍ လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေ အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၁၉။ အဟံ၊ ငါသည်။ သီသပ္ပစာလကံ၊ ဦးခေါင်းကို လှုပ်၍ လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွား အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြု ကျင့်အပ်၏။

၂၀။ အဟံ၊ ငါသည်။ သီသပ္ပစာလကံ၊ ဦးခေါင်းကို လှုပ်၍ လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေ

အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

ဒုတိယော၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။
ဥဇ္ဇဂ္ဃိကဝဂ္ဂေါ၊ ဥဇ္ဇဂ္ဃိကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

၂၁။ အဟံ၊ ငါသည်။ ခမ္ဘကတော၊ ခါးကိုထောက်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၂၂။ အဟံ၊ ငါသည်။ ခမ္ဘကတော၊ ခါးကိုထောက်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၂၃။ အဟံ၊ ငါသည်။ ဩဂုဏ္ဌိတော၊ ဦးခေါင်းကို ခြုံလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၂၄။ အဟံ၊ ငါသည်။ ဩဂုဏ္ဌိတော၊ ဦးခေါင်းကို ခြုံလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၂၅။ အဟံ၊ ငါသည်။ ဥက္ကုဋိကာယ၊ ဘွားစွန်နင်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၂၆။ အဟံ၊ ငါသည်။ ပလ္လတ္ထိကာယ၊ အာယောဂပတ်ဖွဲ့လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၂၇။ အဟံ၊ ငါသည်။ သက္ကစ္စံ၊ သတိကို ထင်စွာဖြစ်စေလျက်။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံယူအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၂၈။ အဟံ၊ ငါသည်။ ပတ္တသညီ၊ သပိတ်၌အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံယူအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၂၉။ အဟံ၊ ငါသည်။ သမသူပကံ၊ ပဲနောက်ဟင်းနှင့် မျှရုံသော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံယူအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၃၀။ အဟံ၊ ငါသည်။ သမတိတ္တိကံ၊ သပိတ်အတွင်း နားရေးနှင့် မျှရုံသော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံယူအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

တတိယော၊ သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော။

ခမ္ဘကတ ဝဂ္ဂေါ၊ ခမ္ဘကတဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

၃၁။ အဟံ၊ ငါသည်။ သက္ကစ္စံ၊ သတိကို ထင်စွာဖြစ်စေလျက်။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဥ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၃၂။ အဟံ၊ ငါသည်။ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဥ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၃၃၊ အဟံ၊ ငါသည်။ သပဒါနံ၊ အစဉ်အတိုင်း။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၃၄။ အဟံ၊ ငါသည်။ သမသူပကံ၊ ပဲနောက်ဟင်းနှင့် မျှရှိသော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၃၅။ အဟံ၊ ငါသည်။ ထူပကတော၊ ဆွမ်းဦးထိပ်မှ။ ဩမဒ္ဒိတွာ၊ နှိပ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၃၆။ အဟံ၊ ငါသည်။ ဘိယျောကမျတာ၊ များစွာအလိုရှိသည့်အဖြစ်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ သူပံ ဝါ၊ ဟင်းကို၎င်း။ ဗျဉ္ဇနံ ဝါ၊ အမဲဟင်းလျာကို၎င်း။ ဩဒနေန၊ ဆွမ်းဖြင့်။ န ပဋိစ္ဆာဒေဿာမိ၊ မဖုံးလွှမ်းအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၃၇။ အဟံ၊ ငါသည်။ အဂိလာနော၊ မနာမဖျားဘဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ သူပံ ဝါ၊ ဟင်းကို၎င်း။ ဩဒနံ ဝါ၊ ဆွမ်းကို၎င်း။ ဝိညာပေတွာ၊ တောင်း၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၃၈။ အဟံ၊ ငါသည်။ ဥဇ္ဈာနသညီ၊ ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍။ ပရေသံ၊ သူတပါးတို့၏။ ပတ္တံ၊ ဆွမ်းစားသောသပိတ်ကို။ န ဩလောကေဿာမိ၊ မကြည့်ရှုအံ့။

ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၃၉။ အဟံ၊ ငါသည်။ အတိမဟန္တံ၊ အလွန်ကြီးသော။ ကဗဠံ၊ ဆွမ်းလုပ်ကို။ န ကရိဿာမိ၊ မပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၄၀။ အဟံ၊ ငါသည်။ ပရိမဏ္ဍလံ၊ ဝန်းဝိုင်းသော။ အာလောပံ၊ ဆွမ်းလုပ်ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

စတုတ္ထော၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော။
သက္ကစ္စဝဂ္ဂေါ၊ သက္ကစ္စဝဂ်သည်။
နိဋ္ဌိတော၊ ပြီးပြီ။

၄၁။ အဟံ၊ ငါသည်။ ကဗဠေ၊ ဆွမ်းလုပ်သည်။ အနာဟဋေ၊ ခံတွင်းဝသို့မရောက်မီ။ မုခဒွါရံ၊ ခံတွင်းဝကို။ န ဝိဝရိဿာမိ၊ မဖွင့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၄၂။ ဘုဉ္ဇမာနော၊ ဆွမ်းစားသော။ အဟံ၊ ငါသည်။ သဗ္ဗံ ဟတ္ထံ၊ အလုံးစုံသောလက်ငါးချောင်းကို။ မုခေ၊ ခံတွင်း၌။ န ပက္ခိပိဿာမိ၊ မထည့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၄၃။ အဟံ၊ ငါသည်။ သကဗဠေန၊ ဆွမ်းလုပ်နှင့်တကွသော။ မုခေန၊ ခံတွင်းဖြင့်။ န ဗျာဟရိဿာမိ၊ စကားမဆိုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၄၄။ အဟံ၊ ငါသည်။ ပိဏ္ဍုက္ခေပကံ၊ ဆွမ်းလုပ်ကိုမြှောက်၍ မြှောက်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၄၅။ အဟံ၊ ငါသည်။ ကဗဠာဝစ္ဆေဒကံ၊ ဆွမ်းလုပ်ကို ဖြတ်၍ ဖြတ်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၄၆။ အဟံ၊ ငါသည်။ အဝဂဏ္ဍကာရကံ၊ မျောက်ကဲ့သို့ ဆွမ်းလုပ်ကိုပါးစောင်၌ ထားသည်ကိုပြု၍။ န ဘုဉ္ဇိဿာ မိ၊ မစားအံ့။ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီ ယာ၊ ပြုကျင့်အပ်၏။

၄၇။ အဟံ၊ ငါသည်။ ဟတ္ထနိဒ္ဓုနကံ၊ လက်ကို ခါ၍ ခါ၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့် ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၄၈။ အဟံ၊ ငါသည်။ သိတ္ထာဝကာရကံ၊ ဆွမ်းလုံးကို ကြဲ၍ ကြဲ၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၄၉။ အဟံ၊ ငါသည်။ ဇိဝှါနိစ္ဆာရကံ၊ လျှာကို ထုတ်၍ထုတ် ၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၅၀။ အဟံ၊ ငါသည်။ စပု စပုကာရကံ၊ စပ်စပ်ဟူသောအသံ ကိုပြု၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

ပဉ္စမော၊ ငါးခုတို့၏ပြည့်ကြောင်းဖြစ်သော။
ကဗဠဝဂ္ဂေါ၊ ကဗဠဝဂ်သည်။
နိဋ္ဌိတော၊ ပြီးပြီ။

၅၁။ အဟံ၊ ငါသည်။ သုရ သုရကာရကံ၊ ရှုပ်ရှုပ် ဟူသော
အသံကိုပြု၍။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။
သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၅၂။ အဟံ၊ ငါသည်။ ဟတ္ထနိလ္လေဟကံ၊ လက်ကို လျက်၍
လျက်၍။ န ဘုဉ္ဇိဿာမိ မစားအံ့။ ဣတိ ဤသို့။ သိက္ခာ၊
အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၅၃။ အဟံ၊ ငါသည်။ ပတ္တနိလ္လေဟကံ၊ သပိတ်ကို ခြစ်၍
ခြစ်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊
အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၅၄။ အဟံ၊ ငါသည်။ ဩဋ္ဌနိလ္လေဟကံ၊ နှုတ်ခမ်းကို လျက်၍
လျက်၍။ န ဘုဉ္ဇိဿာမိ၊မစားအံ့။ ဣတိ၊ဤသို့။သိက္ခာ၊
အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၅၅။ အဟံ၊ ငါသည်။ သာမိသေန၊ ဆွမ်းစသောအာမိသနှင့်
တကွသော။ ဟတ္ထေန၊ လက်ဖြင့်။ ပါနီယ ထာလကံ၊
သောက်ရေခွက်ကို။ န ပဋိဂ္ဂဟေဿာမိ၊ မကိုင်အံ့။ ဣတိ၊
ဤသို့။ သိက္ခာ၊အကျင့်ကို။ ကရဏီယာ၊ပြုကျင့်အပ်၏။

၅၆။ အဟံ၊ ငါသည်။ သ သိတ္ထကံ၊ ဆွမ်းလုံးနှင့် တကွသော၊
ပတ္တဓောဝနံ၊ သပိတ်ဆေးရေကို။ အန္တရဃရေ၊ ရွာ
တွင်း၌။ န ဆဍ္ဍေဿာမိ၊ မစွန့်အံ့။ ဣတိ၊ ဤသို့။
သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၅၇။ အဟံ၊ ငါသည်။ ဆတ္တပါဏိဿ၊ ထီးလက်၌ရှိသော။
အဂိလာနဿ မနာမဖျားသောသူအား။ ဓမ္မံ၊တရားကို။
န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊
အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၅၈။ အဟံ၊ ငါသည်။ ဒဏ္ဍပါဏိဿ၊ တောင်ဝှေး လက်၌ ရှိသော။ အဂိလာနဿ၊ မနာ မဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၅၉။ အဟံ၊ ငါသည်။ သတ္ထပါဏိဿ၊ ထားလက်နက် လက်၌ ရှိသော။ အဂိလာနဿ၊ မနာ မဖျားသော သူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၆၀။ အဟံ၊ ငါသည်။ အာဝုဓပါဏိဿ၊ လေးလက်နက် လက်၌ ရှိသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

ဆဋ္ဌော၊ ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သော။
သုရုသုရုဝဂ္ဂေါ၊ သုရု သုရုဝဂ်သည်။
နိဋ္ဌိတော၊ ပြီးပြီ။

၆၁။ အဟံ၊ ငါသည်။ ပါဒုကာရုဠှဿ၊ ခြေနင်းစီးသော။ အဂိလာနဿ၊ မနာ မဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့၊ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၆၂။ အဟံ၊ ငါသည်။ ဥပါဟနာရုဠှဿ၊ ဘိနပ်စီးသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၆၃။ အဟံ၊ ငါသည်။ ယာနဂတဿ၊ ယာဉ်စီးသော။ အဂိလာနဿ၊ မနာ မဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၆၄။ အဟံ၊ ငါသည်။ သယနဂတဿ၊ အိပ်ရာ၌ နေသော။ အဂိလာနဿ၊မနာမဖျားသောသူအား။ ဓမ္မံ၊တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၆၅။ အဟံ၊ငါသည်။ပလ္လတ္ထိကာယ၊အာယောဂပတ်ဖွဲ့လျက်။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၆၆။ အဟံ၊ ငါသည်။ ဝေဌိတသီသဿ၊ ဦးရစ်ပေါင်းသော ဦးခေါင်းရှိသော။ အဂိလာနဿ၊ မနာမဖျားသော သူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၆၇။ အဟံ၊ ငါသည်။ ဩဂုဏ္ဌိတသီသဿ၊ ခြုံသော ဦးခေါင်းရှိသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၆၈။ အဟံ၊ ငါသည်။ ဆမာယံ၊ မြေ၌။ နိသီဒိတွာ၊ နေ၍။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာ

နသာ၊ မနာ မဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၆၉။ အဟံ၊ ငါသည်။ နီစေ၊ နိမ့်သော။ အာသနေ၊ နေရာ၌။ နိသီဒိတွာ၊ နေ၍။ ဥစ္စေ၊ မြင့်သော။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ မနာ မဖျားသောသူအား။ ဓမ္မံ၊ တရားကို။ နဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၇၀။ အဟံ၊ ငါသည်။ ဌိတော၊ ရပ်လျက်။ နိသိန္နဿ၊ ထိုင်သော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၇၁။ ပစ္ဆတော၊ နောက်မှ။ ဂစ္ဆန္တော၊ သွားသော။ အဟံ၊ ငါသည်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၇၂။ ဥပ္ပထေန၊ ခရီးမဟုတ်သဖြင့်။ ဂစ္ဆန္တော၊ သွားသော။ အဟံ၊ ငါသည်။ ပထေန၊ ခရီးဟုတ်သဖြင့်။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ မနာ မဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊အကျင့်ကို။ ကရဏီယာ၊ပြုကျင့်အပ်၏။

၇၃။ အဟံ၊ ငါသည်။ ဋ္ဌိတော၊ ရပ်လျက်။ အဂိလာနေ၊ မနာမဖျားဘဲ။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုရင်း။ န ကရိဿာမိ၊ မပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၇၄။ အဟံ၊ ငါသည်။ ဟရိတေ၊ စိမ်းသော မြက်သစ်ပင်ရှိရာ၌။ အဂိလာနေ၊ မနာမဖျားဘဲ။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုရင်း။ ခေဠံ ဝါ၊ နှပ်-တံတွေးကိုရင်း။ န ကရိဿာမိ၊ မပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

၇၅။ အဟံ၊ ငါသည်။ ဥဒကေ၊ သုံးဆောင်ကောင်းသော ရေ၌။ အဂိလာနေ၊ မနာ မဖျား ဘဲ။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုရင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုရင်း။ ခေဠံ ဝါ၊ နှပ်-တံတွေးကိုရင်း။ န ကရိဿာမိ၊ မပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ အကျင့်ကို။ ကရဏီယာ၊ ပြုကျင့်အပ်၏။

သတ္တမော၊ ခုနစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော။
ပါဒုကာဝဂ္ဂေါ၊ ပါဒုကာဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။
သေခိယ ယောဇနာ ပြီးပြီ။

ခန္ဓကဝတ်ပါဠိ ယောဇနာ

စတုဒ္ဒသ ခန္ဓကဝတ္တာနိ နာမ ခန္ဓကေ ဝုတ္တာနိ၊ ကတ
အာဂန္တုကဝတ္တံ အာဝါသိကဝတ္တံ ဂမိကဝတ္တံ အနုမော
ဒနဝတ္တံ ဘတ္တဂ္ဂဝတ္တံ ပိဏ္ဍစာရိကဝတ္တံ အာရညကဝတ္တံ
သေနာသန ဝတ္တံ ဇန္တာဃရဝတ္တံ ဝစ္စကုဋိဝတ္တံ ဥပဇ္ဈာယ

ဝတ္တံ သဒ္ဒိဝိဟာရိကဝတ္တံ အာစရိယဝတ္တံ အန္တေဝါသိက
ဝတ္တဥ္စာတိ ဣမာနိ စုဒ္ဒသခန္ဓကဝတ္တာနိ၊ တောနိ စ
သဗ္ဗေသံ သင္ဃဒါစ ယထာရဟံ စရိတဗ္ဗာနိ။

စုဒ္ဒသ၊ တဆယ့်လေးပါး ကုန်သော။ ခန္ဓကဝတ္တာနိ နာမ၊ ခန္ဓကဝတ်မည်သည်တို့ကို။ ခန္ဓကေ၊ မဟာဝါခန္ဓက စူဠဝါခန္ဓက၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ကထံ ဝုတ္တာနိ၊ အဘယ်သို့ ဟောတော်မူအပ်ကုန်သနည်း ဟူမူကား။

၁။ အာဂန္တုကဝတ္တဥ္စ၊ အာရာမ်တွင်းသို့မဝင်မီ ဘိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်း၊ ဦးခေါင်းခြုံကိုဖွင့်ခြင်း၊ ဦးခေါင်း၌တင်သောသင်္ကန်းကိုပခုံးသို့ချခြင်း၊ အာဝါသိကရဟန်းကြီးကို ရှိခိုးခြင်း၊ဆွမ်းခံရွာ ဝစ္စကုဋိ စသည်ကိုမေးမြန်းခြင်းစသော အာဂန္တုက ရဟန်းသာမဏေတို့ပြုရသော ဝတ်ရင်း။

၂။ အာဝါသိကဝတ္တဥ္စ၊ အာဂန္တုက ရဟန်းကို မြင်လျှင် ခရီးဦးကြိုဆိုခြင်း၊ သပိတ်, သင်္ကန်း လှမ်းယူခြင်း၊ ခြေဆေးရေ-ခြေဆေးအင်းပျဉ် စသည်ကို အနီး၌ထားခြင်း၊ နေရာခင်းခြင်း၊ အာဂန္တုက ရဟန်းကြီးကို ရှိခိုးခြင်း၊ ဆွမ်းခံရွာ-ဝစ္စကုဋိစသည်ကိုကြားခြင်း စသော အာဝါသိက ရဟန်း, သာမဏေတို့ပြုရသော ဝတ်ရင်း။

၃။ ဂမိကဝတ္တဥ္စ၊ သစ်ဘဏ္ဍာ-မြေဘဏ္ဍာ စသည်ကို သိမ်းခြင်း၊ ညောင်စောင်း-အင်းပျဉ်တို့ကို သိမ်းခြင်း၊ တံခါးမလေသာတံခါးတို့ကိုပိတ်ခြင်း၊ ပန်ကြား၍ သွားခြင်း စသော ခရီးသွားအံ့သောရဟန်း,သာမဏေတို့ပြုရသော ဝတ်ရင်း။

၄။ အနုမောဒနဝတ္တ၌၊မထေရ်ကြီးတရားဟောခြင်း၊မထေရ်ကြီးက တိုက်တွန်းမှဟောခြင်း၊ပန်လျှောက်၍ဟောခြင်း စသော တရားဟောရာ၌ ပြုရသော ဝတ်ရင်း။

၅။ ဘတ္တဂ္ဂဝတ္တ၌၊ ရဟန်းကြီးကို တိုးဝှေ့၍မနေခြင်း၊ ရဟန်းငယ်ကို နေရာဖြင့် မတားမြစ်ခြင်း၊ သေခိယနှင့် အညီ စားခြင်း၊ တရားဟောခြင်းစသော ဆွမ်းစားစရပ်၌ပြုရသော ဝတ်ရင်း။

၆။ ပိဏ္ဍစာရိကဝတ္တ၌၊ သပိတ်ကို ရေကျင်းခြင်း၊ ခါးပန်းကို ဖွဲ့ခြင်း၊ အဝန်းညီစွာ ဝတ်ရုံခြင်း၊ သေခိယနှင့် အညီ သွားခြင်း၊ မနွေး မလျင် ရွာတွင်းသို့ ဝင်ခြင်း၊ မရှည်မကြာ ရပ်ခြင်း စသော ဆွမ်းခံရဟန်း, သာမဏေ တို့ ပြုရသော ဝတ်ရင်း။

၇။ အာရညကဝတ္တ၌၊သောက်ရေသုံးဆောင်ရေ တည်ထားခြင်း၊ မီးပွတ်ခုံ ပွတ်ကျည် တောင်ဝှေးထားခြင်း၊အရပ်လေးမျက်နှာ တာရာ နက္ခတ် ခရီးလမ်းတို့ကို မှတ်သားခြင်းစသော တောနေ ရဟန်း, သာမဏေတို့ ပြုရသော ဝတ်ရင်း။

၈။ သေနာသနဝတ္တ၌၊ ကျောင်း အိပ်ရာ နေရာ ညောင်စောင်း အင်းပျဉ် စသည်တို့ကို သုတ်သင်ခြင်း၊ သပိတ် သင်္ကန်း စသည်တို့ကိုသင့်တင့်လျောက်ပတ်စွာထားခြင်း၊ မြူထသောအခါ လေညာတံခါးတို့ကိုပိတ်ခြင်း၊ သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း၊ပရိဝုဏ် ရေချိုးအိမ် ဝစ္စကုဋီစသည်တို့ကို တံမြက်လှည်းခြင်းစသော ကျောင်း၌ ပြုရသော ဝတ်ရင်း။

၉။ ဇန္တာဃရဝတ္တာ၌၊ ပြာကို စွန့်ခြင်း တံမြက်လှည်းခြင်း စသော ချွေးဇရုံးအိမ်၌ ပြုရသော ဝတ်ရင်း။

၁၀။ ဝစ္စကုဋိဝတ္တာ၌၊ချောင်းဟန့်ခြင်း၊သက်န်းတန်း၌ သင်္ကန်းကို တင်၍ မနေ့းမလျင်ဝင်ခြင်း၊ သင်းပိုင်ကို ပင့်၍မဝင်ခြင်း၊ နင်းခုံ၌နင်းမိမှ သင်းပိုင်ကို ပင့်ခြင်း၊ ကြမ်းသော ကန္တတံ စသည်ဖြင့် မသုတ်သင်ခြင်း၊ သန့်သက်ရေ ဆေးခြင်း၊ နင်းခုံ၌နင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်းစသော ကျင်ကြီးအိမ်၌ ပြုရသောဝတ်ရင်း။

၁၁။ ဥပဇ္ဈာယဝတ္တာ၌၊ နံနက် စောစော ထ၍ ကိုယ်ဝတ်ကို လက်ကန်တော့ တင်၍ မျက်နှာသစ်ရေ ဒန်ပူ ကပ်ခြင်း ယာဂု-ဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်း- အိပ်ရာ နေရာ သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာရိက တပည့်ဘိုက ပြုရသော ဝတ်ရင်း။

၁၂။ သဒ္ဓိဝိဟာရိကဝတ္တာ၌၊ သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ် ဆရာတို့က ပြုရသော ဝတ်ရင်း။

၁၃။ အာစရိယဝတ္တာ၌၊ နံနက် စောစော ထ၍ ကိုယ်ဝတ်ကို လက်ကန်တော့ တင်၍ မျက်နှာသစ်ရေ ဒန်ပူ ကပ်ခြင်း၊ ယာဂု-ဆွမ်းကပ်ခြင်း၊ သပိတ်ခွက် ဆေးခြင်း၊ ကျောင်း အိပ်ရာ နေရာသုတ်သင်ခြင်း၊ နေလှန်းခြင်း၊တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါး တို့၌ တပည့်လေးပါးတို့က ပြုရသော ဝတ်ရင်း။

၁၄။ အဒ္ဓေဝါသိကဝတ္တဥ္စ၊ သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် တပည့် လေးပါးတို့၌ ဆရာ လေးပါးတို့က ပြုရာသော ဝတ်ရင်း။

ဣတိ၊ ဤသို့။ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ၊ ဤတဆယ့် လေးပါးကုန်သော ခန္ဓကဝတ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ တောနိ စ၊ ထိုဝတ်တို့ကိုလည်း။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ရဟန်း, သာမဏေ တို့သည်။ သဗ္ဗဒါ စ၊ အခါခပ်သိမ်းလျှင်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ စရိတဗ္ဗာနိ၊ ပြုကျင့်အပ်ကုန်၏။

ခန္ဓကဝတ်ပါဠိ ယောဇနာ ပြီး၏။

မူလဒွါရ ပဥ္စမ မဟာနာယက
ကျေးဇူးရှင် အင်္ဂပူ ဆရာတော်ဘုရားကြီး၏

ရှင်ပြုနည်း

ပဗ္ဗဇ္ဇာနယကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဗ္ဗဇ္ဇာ ဒေါသတို့မှ လွတ်သော မိဘနှစ်ပါး ခွင့်ပြုအပ်သော ရှင်လောင်းကိုသာ ရှင်ပြုရမည်။

ဤ ရှင်ပြုရာ၌ ၁—ကေသစ္ဆေဒနပဗ္ဗဇ္ဇာ၊ ဆံရိတ်ခြင်း။ ၂—ကာသာယစ္ဆာဒနပဗ္ဗဇ္ဇာ၊ သင်္ကန်း ဝတ် ခြင်း။ ၃—သရဏဒါနပဗ္ဗဇ္ဇာ၊ သရဏဂုံ ပေးခြင်း အားဖြင့် ၃-မျိုးရှိ၏။ ထိုတွင်-

၁။ ကေသစ္ဆေဒနပဗ္ဗဇ္ဇာကို လူ, ရှင်, ရဟန်း, ဥပဇ္ဈာယ်, ဆရာ မည်သူမဆိုပြုလုပ်နိုင်သည်၊ ဆံရိတ်ခြင်းကိစ္စကို ပြုလုပ်သောအခါ ကျောင်းဝိုင်းအတွင်းရှိသံဃာကိုစည်းဝေးစေပြီးလျှင် ရှင်လောင်းကို သံဃာအား ရှိခိုးစေ၍ ရဟန်းတပါးက"သံဃံ ဘန္တေ ဣမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမိ"ဟု သုံးခေါက်ဆို၍ ပန်ကြားရမည်၊ ခေါင်းရိတ်ပြီးသားဖြစ်လျှင် ပန်ကြားနေရန် မလိုတော့ချေ၊ ခေါင်းရိတ်ပြီးလည်း မဟုတ်၊ တိုက်ကြီးထဲ၌ ဖြစ်၍ မပန်ကြားနိုင်ဖြစ်လျှင် ခဏ္ဍသိမ်ထဲမှာခေါင်းရိတ်လေ၊ သို့မဟုတ် မြစ် သမုဒ္ဒရာ စသည်တို့သို့သွား၍ ခေါင်းရိတ်လေ၊ ခေါင်းရိတ်သော

အခါ "ကေသာ, လောမာ, နခါ, ဒန္တာ, တစော၊ တစော,ဒန္တာ, နခါ,လောမာ,ကေသာ" အနုလုံ ပဋိလုံ ဤ တစပဉ္စက ကမ္မဋ္ဌာန်းကို ရှင်လောင်းအား ချ၍ပေးရမည်၊ ခေါင်းရိတ်၍ မပြီးမခြင်း ဆိုစေရမည်၊ အနည်းဆုံး ဆယ်ခေါက်လောက် ဆိုစေရမည်၊ ကြိုးဘင်၍လည်း ကမ္မဋ္ဌာန်းကို ကျက်မှတ် စေပြီးလျှင် ရှင်လောင်း သံဃာမျက်မှောက်သို့ ရောက်သောအခါကပင် ဆရာပြုလုပ်သော ပုဂ္ဂိုလ်က ကမ္မဋ္ဌာန်း၏အနက်အဓိပ္ပါယ် သဘောပေါ်လာအောင် ပြောကြားပေးရမည်။

၂။ ကာသာယစ္ဆာဒနပဗ္ဗဇ္ဇမှာ "သဗ္ဗ ဒုက္ခ နိဿရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာတိ ဝါ တံ ကာသာဝံ ဒတွာတိ ဝါ ဝတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ" ဟု ဝိမတိ‐ဋီကာလာတိုင်း သင်္ကန်းယူခြင်း၊ သင်္ကန်းပေးခြင်းများကိုပြုလုပ်၍ သင်္ကန်း ဝတ်စေခြင်းသည် ဂရုကဖြစ်၏။ "သကလ ဝဋ္ဋ ဒုက္ခ နိဿရဏတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ" စသော ယခုကာလ သင်္ကန်း တောင်းနည်းသည် အရည်ဝါသီ မဟာရာမ မထေရ် ရေးသားပြုစုသော သီလာဝဟာကျမ်း၌ လာသော သင်္ကန်း တောင်းတည်း။ ဝိမတိနှင့် သဘော အတူတူပင်၊ဤသင်္ကန်းတောင်းပါဠိသည် ပါဠိတော် အဋ္ဌကထာ သာရတ္ထ ဝဇိရဗုဒ္ဓိတို့၌မလာ၊ ဝိမတိနှင့် သီလာဝဟာကျမ်း ၌သာ လာ၏၊ သင်္ကန်းတောင်းမဆိုဘဲ ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ဝတ်၍ ပေးလျှင်လည်း အပ်၏။

၃။ သရဏဒါနပဗ္ဗဇ္ဇ ၌ နိဂ္ဂဟိတန္တ, မကာရန္တ နှစ်နည်းလုံး အပ်၏။ "သရဏာနိ ပန သယံ ဒါတဗ္ဗာနိ" ဟူသော အဋ္ဌကထာ ပါဠိအရ သရဏဂုံကို ဥပဇ္ဈာယ်ဆရာကိုယ်တိုင်ပေးရမည်၊ရဟန်း ငယ်ကို မလွှဲရ၊ ဥပဇ္ဈာယ်အင်္ဂါ မလုံလောက်ဘဲ ကျောင်းတိုင်

ပုဂ္ဂိုလ်လုပ်၍နေသူတို့ ရှင်ပြုလိုလျှင် သာသနာတော်၌ ဥပဇ္ဈာယ် အင်္ဂါလုံလောက်စွာသော မထေရ်ကြီးတို့သည် ရှိကြပေကုန်၏။ ငါသည် ထိုမထေရ်ကြီးတို့၏ကိုယ်စား ရှင်ပြု၍ပေးမည်ဟု အာရုံပြု၍ ရှင်ပြုကုန်ရာသည်။

ရာဓ ပဗ္ဗဇ္ဇခဏ်း၌ ကမ္မဝါကိုခွင့်မပြုမီ ဘုရားဖြစ်တော်မူစက သရဏဂုံဖြင့် ရှင်သာမဏေလည်းပြုရဟန်းလည်းပြုကြရပေသည်၊ ထိုသို့ပြုလုပ်ကြရာ၌ ရှင်သာမဏေနှင့် ရဟန်းသည် မည်ကဲ့သို့ ထူးခြားပါသနည်းဟုမေးလာလျှင် ပါဠိတော် အဋ္ဌကထာ ဋီကာကြီးတို့၌ အထူးမလာ၊ ရှင်သာမဏေပြုလုပ်လိုသူမှာ သရဏဂုံအဆုံး၌ ရှင်သာမဏေ ဖြစ်သွား၏၊ ပဉ္စင်းခံလိုသူမှာ သရဏဂုံ အဆုံး၌ ရဟန်းပဉ္စင်းဖြစ်သွား၏၊ နောက် ရှင်သာမဏေက ရဟန်းတက်လိုလျှင်လည်း သရဏဂုံဖြင့်ပင် ထပ်၍ရဟန်းခံ၊ သရဏဂုံဆုံးလျှင် ရဟန်း ဖြစ်သွား၏ဟု ဆရာကြီးတို့ ယူဆ ကြကုန်၏။ ကျမ်းဂန် တိုက်ရိုက် အဆိုအလာမရှိပေ၊ ယခုအခါ ပညတ်တော်မူပြီး ဖြစ်သောကြောင့် ရာဓထေရ် အစီအစဉ်မဖြစ်နိုင်တော့ပေ။

ယခုအခါ ရှင်ပြုကြရာဝယ် ခွင့်ပြုတော်မူသည့်အတိုင်း ဘဏ္ဍုကံ ဆောင်ခြင်း၊ တစပဉ္စက ကမ္မဋ္ဌာန်းကို ပြောကြားခြင်း၊ နိဂ္ဂဟိတန္တ,မကာရန္တ သရဏဂုံ ၂ ပါးဖြင့်သရဏဂုံပေးခြင်း၊ပရိက္ခရာ ချပ်ပါး စုံလင်ခြင်း၊ ဤကဲ့သို့ပြုမှသာ သပဗ္ဗဇိတအဖြစ်သို့ ရောက်နိုင်သည်ဖြစ်ရကား ဘုရားရှင် ခွင့်ပြုတော် မူရင်းစဲ့အတိုင်း ရှင်ပြု ရဟန်းခံ ပြုလုပ်ကြရမည်ဟူလို၊ မပြုလုပ်က အပြစ် အာပတ်မှ မလွတ်နိုင်ချေ။

''သစေ ဥပဇ္ဈာယော မယံ့ ဥပဇ္ဈာကော အတ္တိ၊ တုမှေ့ အတ္တနော သဇ္ဈာယ မနသိကာရာဒီသု ယောဂံ ကရောထာတိ ဝဒတိ၊ သဒ္ဓိဝိဟာရိကာနံ အနာပတ္တိ'' ဟု ဝိနည်းမဟာဝါ အဋ္ဌကထာ၌

လာသောကြောင့် ငါ့အား ဝတ်ကြီးဝတ်ငယ်ကိုမပြုလေနှင့်တော့၊ ပရိယတ်သာ အားထုတ် နေလောဟု ဥပဇ္ဈာယ်က ခွင့်ပေးလျှင် အာပတ်မသင့်ပေ။

"တေ စေ ဝါ သဒ္ဓိဝိဟာရိကာဒယော ဘန္တေ တုမှေ ကေဝလံ အပ္ပေါဿုက္ကာ ဟောထာ တိ ဝဒန္တိ၊ ဧတ္တာ ံ န သာဒိယန္တိ၊ တတော ပဋ္ဌာယ အာစရိယုပဇ္ဈာယာနံ အနာပတ္တိ" ဟု တေရသကဏ္ဍဋီကာ လာသောကြောင့် အရှင်ဘုရား တို့သည် ကြောင့်ကြမှဲ့ ဖြစ်တော်မူပါလော၊ တပည့်တော်များအပေါ်၌ ဝတ်ကြီး ဝတ်ငယ် မပြုပါနှင့်တော့၊ ကျေနပ် ပါ၏ဘုရားဟု တပည့်တို့က လျှောက်ထားပါလျှင် ဆရာ ဥပဇ္ဈာယ်တို့အား အာပတ်မသင့်။

ဤသို့ အဋ္ဌကထာ ဋီကာလာသောကြောင့် ယခုကာလရဟန်းခံပြီးလျှင် ပြီးခြင်း (ရှင်ပြုပြီးလျှင်ပြီးခြင်း) အချင်းချင်း ဝတ်ကြီး ဝတ်ငယ်မပြုရန် ကျေနပ်ကြရန် ခွင့်ပြုကြလျှင် ကောင်းသော နည်းလမ်းကြီး တခုပေတည်းဟု မှတ်လေ။

ကျေးဇူးသျှင် အင်္ဂပူ ဆရာတော်ဘုရားကြီး၏
ရှင်ပြုနည်း'ပဗ္ဗဇ္ဇ နယကထာ' ပြီး၏။

မူလဒွါရ ဝတ်ရွတ်စဉ်

မူလဒွါရဝတ်ရွတ်စဉ်မှာ ရှေးဦးဘုရားရှိခိုးပြီးနောက်နတ်ဘိတ် (သမန္တာ)စ ဆုံးကို ရွတ်ဆို၍-

ထိုနောက် ပရိတ်သုတ် တသုတ်၊
ဂုဏ်တော်ပါဠိများ၊
ဗြဟ္မဝိဟာရပွား၊
ဒေဝတာပိယမေတ္တာပွား၊
ပကိဏ္ဏက ရွတ်စဉ်များ၊
ပစ္စဝေက္ခဏာ လေးပုဒ်၊
သေခိယဝဂ် တဝဂ်၊
ဒုက္ခပတ္တာ ၃-ဂါထာ၊ ယံ ပတ္တံ ၄-ဂါထာတို့ဖြင့် အဆုံး သတ်လေသည်။

ပရိတ်သုတ် နှင့် သေခိယ ရွတ်စဉ်မှာ

တနင်္ဂနွေနေ့	အာဋာနာဋိယသုတ်	ပရိမဏ္ဍလဝဂ်၊
တနင်္လာနေ့	ဗောဇ္ဈင် ၃-သုတ်	ဥဇ္ဇဂ္ဃိကဝဂ်၊
အင်္ဂါနေ့	မင်္ဂလသုတ်	ခမ္ဘကတဝဂ်၊
ဗုဒ္ဓဟူးနေ့	ရတနသုတ်	သက္ကစ္စဝဂ်၊
ကြာသပတေးနေ့	မေတ္တာ-ခန္ဓသုတ်	ကဗဠဝဂ်၊
သောကြာနေ့	မောရ-ဝဋ္ဋသုတ်	သုရုသုရုဝဂ်၊
စနေနေ့	ဓဇဂ္ဂသုတ်	ပါဒုကဝဂ်၊

မဟာသမယသုတ်၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပဋိစ္စသမုပ္ပါဒ် စသည်တို့ကို ဥပုသ်နေ့ တို့၌ အခွင့်အားလျော်စွာ အလှည့်ကျ ထည့်သွင်းရွတ်ဆိုသည်။

အာဋာနာဋိယသုတ်ကို သုတ်ပါထေယျ ပါဠိတော်လာသည့် အတိုင်းငင်း၊ ဗောဇ္ဈင်္ဂ ၃-သုတ်ကိုလည်း သံယုတ်ပါဠိတော်လာ သည့် ကဿပ ဗောဇ္ဈင်္ဂသုတ်၊ မောဂ္ဂလ္လာန ဗောဇ္ဈင်္ဂသုတ်၊ စုန္ဒ ဗောဇ္ဈင်္ဂသုတ်များအတိုင်းငင်း ရွတ်ဆိုသည်။

ဓဇဂ္ဂသုတ်ရွတ်ဆိုသောနေ့၌ ဂုဏ်တော်ပါဠိများကို သီးသန့် မရွတ်ဆိုသောအားဖြင့်ငင်း၊ ဂုဏ်တော်ပါဠိ (သီးသန့်) များကို သာ "ဝေဝံ ဗုဒ္ဓံ သရန္တာနံ"အဆုံးသတ်ထည့်သွင်းကာ နေ့စဉ်ရွတ် ဆို၍ ဓဇဂ္ဂသုတ်ကို လုံးဝ မရွတ်ဆိုသောအားဖြင့်ငင်း ရွတ်စဉ်ပြု ကြသည်လည်းရှိ၏၊ ဓဇဂ္ဂသုတ်ကို လုံးဝ မရွတ်ဆို သောအခါ မေတ္တသုတ်နှင့်ခန္ဓသုတ်ကို တနေ့စီခွဲ၍ ရွတ်စဉ်ပြုကြပြန်သည်။

နံနက် ဝတ်ရွတ်စဉ်မှာ"နမော တေ" ဂါထာပါဌ် အနက်ဖြင့် ဘုရားရှိခိုး၍ မေတ္တသုတ်၊ ဂုဏ်တော်ပါဠိ၊ ပစ္စဝေက္ခဏာလေးပုဒ် တို့ကိုသာ ရွတ်ဆိုကြသည်။

ဂုဏ်တော်ပွင့်
ဘုရားဂုဏ်တော် ၉-ပါး ပါဌ်

သော ဘဂဝါ ဣတိပိ အရဟံ၊ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ သော ဘဂဝါ ဣတိပိ သုဂတော၊ သော ဘဂဝါ ဣတိပိ လောကဝိဒူ၊ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ သော ဘဂဝါ ဣတိပိ ဘဂဝါတိ နဝ ဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါ တုလံ။

ဤကား ဘုရားဂုဏ်တော် ၉-ပါး ရှိခိုးနည်း။

ဘုရားဂုဏ်တော် ၉-ပါး သရုပ်ယောဇနာ

၁။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဝါသနာဗျာကတမိုဟ် ဒုစရိုက်နှင့်တကွ သံကိလိဋ္ဌ ပါပညစ်ထေးကင်းဝေးတော်မူခြင်းတည်းဟူသောဂုဏ်၊တထောင့် ငါးရာ ကိလေသာဟူ ရန်သူ အပေါင်းတို့ကို ကောင်းစွာ မလပ် မဂ်လေးရပ် သန်လျက်ဓားဖြင့် ခုတ်ဖြတ် ပယ်ရှားတော် မူခြင်း တည်းဟူသောဂုဏ်၊ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ညွှတ်ပျောင်း ကော်ရော် ပူဇော်ကြည်နူး ထူးသောအလှူကို ခံယူ သိမ်းပိုက် ထိုက်တော်မူခြင်း တည်းဟူသောဂုဏ်၊ ဗာလအပေါင်း သူမကောင်းတို့ ပုန်းအောင်း ကွယ်ကာ ဆိတ်ငြိမ်ရာ၌ ဆယ်ဖြာ အမိုက် ဒုစရိုက်ကို နှစ်ခြိုက်မငြော့ ပြုကျင့်လေသကဲ့သို့ ပရမေမြတ် စွာ သမ္မာဒိဋ္ဌိ ပါသား ဆိတ်ရာကွယ်အောင်း မကောင်းမှုကို ပြုကျင့် နှစ်ခြိုက် ထိုက်တော်မမူခြင်းတည်းဟူသောဂုဏ်၊ ခန္ဓာအာယတန ဓာတ်မှမဆိတ် ပဋိစ္စသမုပ္ပါဒ် ရဟတ်အလား ရထားပမာ သံသရာ ၏ အဝိဇ္ဇာ တည်းဟူသော ချက်၊ ဇရာ-မရဏ တည်း ဟူ သော အကွပ်၊ ကုသိုလ်ကံ-အကုသိုလ်ကံ တည်းဟူသော သင်္ခါရမှ စသည် ပိုင်းခြား ဆယ်ပါးကုန်သော အကန့်တို့ကို ပယ်သန့်ယှဉ်မျိုး ဖျက် ဆီးတော်မူခြင်းတည်းဟူသောဂုဏ်၊ဤသို့ပေါင်းအပ် ဂုဏ်သကတ် ကြောင့်။ အရဟံ၊ အရဟမည်တော်မူ၏။

၂။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့၌ လွန်စွာပြန့်ပွား သနား ကြင်နာတော်မူခြင်း တည်းဟူသော မဟာကရုဏာတော်မြတ်ကဲ့ သို့ သင်္ခါရ,ဝိကာရ,လက္ခဏ,နိဗ္ဗာန်,ပညတ်အားဖြင့် ငါးပါးအမှန် ဉေယျဓမ်ကို သမန္တစက္ခု သဗ္ဗညုတ မည်ရ ကျော်လှိုင်း ဉာဏ် ကရိုဏ်းဖြင့် အလိုရှိတိုင်းပင် သိမြင်တော်မူခြင်း တည်းဟူသော

ဂုဏ်၊ ရှည်လျားလှစွာ သံသရာ၌ ဝါသနာနှင့်တကွ မောဟနှိပ်နင်း ပြင်းစွာသော အိပ်ပျော်ခြင်းမှ သန့်ရှင်းထူးမြတ်သော အရဟတ္တ မဂ်ဉာဏ်သို့ မဘောက်မပြန် အမှန်ရောက်သဖြင့် ထောက်ပင့်မကူ သယမ္ဘူစင်စစ် ဖြစ်လာမြဲခိုင် ကိုယ်တိုင်ရှင်ဖြိုး နိုးတော်မူခြင်း တည်းဟူသောဂုဏ်၊ နေအရုဏ်လင့် အချိန်သင့်၍ ပွင့်ခြင်းယှက်ဆို ကြာပဒုံကဲ့သို့ မွေးထုံထူးမြတ် အရဟတ္တမဂ်ဉာဏ် ဂုဏ်မာန်လိုက်ဆူ ဉာဏ်ကျူနှင့် ပကတူအကြောင်း ပေါင်းရသဖြင့် သဗ္ဗညုတ ဉာဏပဒုံ ဝတ်မှုန်ပျံ့သင်း ပွင့်ခြင်းသို့ ရောက်တော်မူခြင်းတည်းဟူသောဂုဏ် ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာ သမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး၊ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ ဒိဗ္ဗ စက္ခုဉာဏ်၊ ပရစိတ္တဝိဇာနနဉာဏ်၊ ပုဗ္ဗေနိဝါသဉာဏ်၊ အာသဝက္ခယ ဉာဏ်၊ ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ် တည်းဟူသော ဝိဇ္ဇာရှစ် ပါး ဉာဏ်တရားတို့နှင့် မချို့ကုံလုံ ပြည့်စုံတော်မူခြင်း တည်းဟူ သော ဂုဏ်၊ ရူပါဝစရ စတုက္ကဈာန် ဤလေးတန်နှင့် သီလသံဝရ ဣန္ဒြိယဂုတ္တ ဘောဇနမတ္တညူ ဇာဂရိယာနုယောဂ သဒ္ဓမ္မတရား ခုနစ်ပါးလုံး ပေါင်းရုံးတကွ စရဏတရား ဆယ့်ငါးပါးနှင့် ပွား များကုံလုံ ပြည့်စုံတော်မူခြင်း တည်းဟူသောဂုဏ် ဤသို့ပေါင်း အပ်ဂုဏ်သကတ်ကြောင့်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ လူတို့ဆိုညွှန်း ခြောက်ခွန်းစကား ထိုအပြားတွင် တရားကောန် ဟုတ်မှန် ကျိုးကြောင်း အပေါင်းလူဗိုလ် မနာလို

သောစကား၊တရားကောန် ဟုတ်မှန်ကျိုးကြောင်း အပေါင်းလူ့ဗိုလ်နာလိုသောစကား၊ ထင်ရှားကောင်းမွန် ဤနှစ်တန်ကိုသာ အင်္ဂါရှစ်စုံ သံတော်ဂုဏ်နှင့် မွေးထုံ ပျံ့သင်း ရွှေခံတွင်းတော်မြတ်ဖြင့် ကျူးရင့်တော်မူခြင်း တည်းဟူသော ဂုဏ်၊ ရွှေဘုံအမတ အောင်ဌာနသို့ ကြွတော်မူခြင်း တည်းဟူသော ဂုဏ်၊ ဒီပင်္ကရာ မြတ်စွာကျူးနိုပ် ဗျာဒိတ်တော် အရနှင့် လှံ့လမသေ့ သခေါ့လေးထပ်ကပ်တသိန်းလုံး ဖြည့်သုံးပါရမီ စုံညီကောင်းစွာ သမ္မာပဋိပတ်အကျင့်မြတ်ဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ချမ်းသာစေမှုပြုတော်မူလျက် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော အယူနှစ်ပါး အတ္တကိလ မထာနုယောဂ ကာမသုခလ္လိကာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါး ဤလေးပါးသို့ မလားမကပ်မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့်သာ ကောင်းမြတ်လှစွာ ကြွလာတော်မူခြင်း တည်းဟူသော ဂုဏ် ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သုဂတော၊ သုဂတ မည်တော်မူ၏။

၅။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဥတိပိ-ဥမိနာစကာရဏေန၊ ဤသို့ သတ္တလောက, သင်္ခါရလောက, ဩကာသလောက,ကိလေသလောက,ဘဝလောက,ဣန္ဒြိယလောက တည်းဟူသော လောကခြောက်ပါးတို့ကို ပိုင်းခြားတိတိ မြင်သိတော်မူခြင်း တည်းဟူသော ဂုဏ်သကတ်ကြောင့်။ လောကဝိဒူ၊လောကဝိဒူ မည်တော်မူ၏။

၆။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဥတိပိ-ဥမိနာစကာရဏေန၊ ဤသို့ လူ နတ် ဗြဟ္မာ သတ္တဝါတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြင့်မြတ်တော်မူ သယမ္ဘူအစစ် ဖြစ်တော်မူ၍ အယူသော့သွမ်း ကြမ်းတန်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောကျ်ား နတ်ယော·ကျ်ား တိရစ္ဆာန်ယောကျ်ား

တို့ကို တရားအမြိုက် တိုက်ကျွေးဆုံးမ ဩဝါဒပေးသဖြင့် ယဉ်ကျေးစေတော်မူခြင်း တည်းဟူသော ဂုဏ်သကတ်ကြောင့်။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

၇။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို မကောင်းမြစ်တား ကောင်းရာတိုက်တွန်း ပြုသွန်းဆုံးမတော်မူခြင်း တည်းဟူသောဂုဏ်၊ ဝေမ္မတ်ခိုးသူ ရေမူခန်းပြတ် ကိုက်သတ်သားရဲ ခရီးခဲမှန်ကျုံလေးတန်မှ မဟာလ္လကဟူ လူခပင်းတို့ကို အကြွင်းမဲ့အောင်ထုတ်ဆောင်ကြည်နူး ကုန်သည်မှူးကဲ့သို့ ထူးကဲလှစွာ ဇာတိ,ဇရာ, ဗျာဓိ,မရဏ စသည်ခပဲ ခရီးခဲမှ ဩဘ်လဲမသာ သတ္တဝါအလုံးကို သိမ်းရုံးလွှယ်ကူ ပြည်နိဗ္ဗူသို့ ထုတ်ယူဆောင်ပို့တော်မူခြင်း တည်းဟူသောဂုဏ် ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

၈။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ သမုဒယ,ဒုက္ခ,နိရောဓ, မဂ္ဂသစ္စာအားဖြင့် လေးပါးကုန်သော သစ္စာတရားတို့ကို လေးပါးမဂ်ဉာဏ် ချိန်မာနဘဏ်ဖြင့် ဘောက်ပြန်မရှိ သိနိုင်တော်မူခြင်း တည်းဟူသောဂုဏ်၊ နတ် လူ ဗြဟ္မာ သတ္တဝါတို့ ဖြစ်လာပုံယင် ခန္ဓာအစဉ်၌ ကပ်ယှဉ်တဏှာ အဝိဇ္ဇာဟု နှစ်ဖြာဝဋ်မြစ် တရားညစ်ကို နုတ်ပစ် ပယ်ရှားတော်မူခြင်း တည်းဟူသောဂုဏ်၊ဤသို့ပေါင်းအပ် ဂုဏ်သကတ် ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။

၉။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိဣမိနာစ ကာရဏေန၊ ဒါန,သီလ စသည်မလပ် တရားမြတ်တို့၏ အထွတ်

အထိပ်သို့ စိတ်တော် လွန်မြောက် ရောက်တော်မူခြင်း တည်းဟူသော ဂုဏ်၊ ရာဂ, ဒေါသ, မောဟ ဟူပြီး သူလျှောင်ကြီးတို့ကို ဖျက်ဆီးတော်မူခြင်းတည်းဟူသော ဂုဏ်၊ ကိုယ်တော်ကိုတမူ အနုမြူခန့်မယွင်း ဖန်ဆင်း နိုင်ခြင်း စသည်တို့၌ အစိုးရတော် မူခြင်း ရှစ်ပါးဟု ဆိုအပ်သော ဣဿရိယ တန်ခိုးတော်၊ မဂ်ဖိုလ် ရှစ်သွယ် လေးဆယ်ဝိမုတ် လောကုတ္တရာ တရားတည်းဟူသော ဓမ္မ တန်ခိုးတော်၊ လောကသုံးပါး၌ ထင်ရှားကြော်ငြာတော်မူခြင်း တည်းဟူသော ယသ တန်ခိုးတော်၊ သုံးဆယ့်နှစ်ဖြာ လက္ခဏာတော်ကြီး တသွယ် ရှစ်ဆယ်ကုန်သော လက္ခဏာတော်ငယ်တို့ဖြင့် သပ္ပါယ်တော်မူခြင်း အသရေတော် တည်းဟူသော သိရီ တန်ခိုးတော်၊ အတ္တ, ပရ ဟိတနှစ်ပါး ပွားများမောက်မို အလိုတော် ရှိတိုင်း အလိုင်းတကြီး ပြီးစေနိုင်ခြင်း တည်းဟူသော ကာမတန်ခိုးတော်၊ လူသုံးပါးတို့၏ ညွတ်တွားရိုသေရာ ဆရာအဖြစ်ကို စင်စစ်မသွေ ပြီးစေနိုင်ခြင်း သမ္မာဝါယာမတည်းဟူသော ပယတ္တတန်ခိုးတော်၊ ထင်ပေါ်ကျော်ဟိုး တန်ခိုးခြောက်စုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း တည်းဟူသောဂုဏ်၊ ပရမတ်, ပညတ် နှစ်ရပ်သော တရားအစွမ်းကို ခွဲခြမ်း ဝေဘန်တော်မူခြင်း တည်းဟူသော ဂုဏ်၊ လောကီ လောကုတ် ဥတ္တရိမနုဿဓမ္မကို လူလွှမစဲ မှီဝဲတော်မူခြင်း တည်းဟူသောဂုဏ်၊ သံသရာခရီး ယှဉ်မှီးသွားကြောင်း မကောင်း မက်မော တဏှာဇောကို နှစ်နှောဖန်ဖန် ပျို့အံသွန်ထွေး၍ ဘေးမရှိမှုန် နိဗ္ဗာန်ပြည်နန်းသို့ ကြွမြန်းတော်မူခြင်း တည်းဟူသော ဂုဏ်၊ ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

ဣတိ ဣမေဟိ နဝဂုဏေဟိ၊ ဤသို့ ပိုင်းခြား ကိုးပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူ,နတ်,ဗြဟ္မာ သုံးဖြာ

သော လောကဥ္။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာပြင့် နိုင်းရှည့် တုဘက်အပ်သော သူလည်း မဟုတ် နှိုင်းရှည့်တုဘက်အပ်သော သူလည်းရှိတော်မမူထသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ သဒါ၊အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးသို့ စုံညီမြတ်နိုး ရှိခိုးပါ၏အရှင်ဘုရား။

ဘုရားဂုဏ်တော် ၉-ပါး သရုပ်အနက် ပြီး၏။

တရားဂုဏ်တော် ၆-ပါး ပါဠိ

သွာက္ခါတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ ဆဟိဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒ္ဒါကုလံ။

ဤကား တရားဂုဏ်တော် ၆-ပါး ရှိခိုးနည်း။

တရားဂုဏ်တော် ၆-ပါး သရုပ်ယောဇနာ

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊အကြင် ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ်တရားတော်မြတ်ကို။ သွာက္ခာတော၊ အတ္ထုပဒခြောက်ပါး ဗျဉ္ဇနပဒ ခြောက်ပါး အာဒိကလျာဏ မဇ္ဈေကလျာဏ ပရိယောသာနကလျာဏ တည်းဟူသော ကလျာဏ သုံးပါးနှင့်တကွ ငါးပါးသော လက္ခဏာဂုဏ် ပြည့်စုံတော်မူသည်ဖြစ်၍ ဖြူနစ်ရောင်လင်း ခရုသင်းသဘွယ် စင်ကြယ်သောအကျင့်မြတ်ကို ပြအပ်ထူးဆန်း ဂုဏ်အစွမ်းဖြင့် ရှင်လန်းသာမော ဟောတော်မူအပ်၏။ သော ဓမ္မော၊ ထို ပရိယတ္တိတရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတ မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင် မဂ်လေးပါး တရားတော်ကို။ သွာက္ခာတော၊ ကာမသုခလ္လိကာ နုယောဂ အတ္တကိလမထာနုယောဂ ပါပသမုတ် အယုတ်တရား ဤနှစ်ပါးသို့ မလားမကပ် မဇ္ဈိမပဋိပတ် ကျင့်မြတ်ထူးဆန်း ဂုဏ် အစွမ်းဖြင့် ခွဲခြမ်းနှစ်နော ဟောတော်မူအပ်၏။ သော ဓမ္မော၊ ထိုမဂ်လေးပါး တရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတ မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင်ဖိုလ် လေးပါး တရားတော်ကို။ သွာက္ခာတော၊ ကိလေသာဟူ ရန်သူ ခပ်သိမ်း ငြိမ်းလေပြီဟု ကျူးချီသာမော ဟောတော် မူအပ်၏။ သော ဓမ္မော၊ ကိုဖိုလ်လေးပါးတရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတ မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင်နိဗ္ဗာန် ထင်ရှား မြတ် တရား ကို။ သွာက္ခာတော၊ အမြဲမသွေ မသေ မပြောင်း ပုန်းအောင်း မှီခိုရာအစစ် ဂုဏ်အနှစ်ဖြင့် ဖွင့်လှစ်သာ မော ဟောတော်မူအပ်၏။ သော ခမ္မော၊ ထိုနိဗ္ဗာန်ထင်ရှား မြတ် တရားသည်။ သွာက္ခာတော၊ သွာက္ခာတမည်တော်မူ၏။

၂။ ယော ဓမ္မော၊ အကြင်မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ထင်ရှား ကိုးပါးသော တရားတော်ကို။ သန္ဒိဋ္ဌိကော၊ ဖလဋ္ဌာန် မည်ဆို ဖိုလ်ပုဂ္ဂိုလ်တို့သည် ဤသို့ ပေါ်ထုတ် လောကုတ်တရား ထို ကိုးပါးမှ တပါး ယုံကြည် ထောက် တည် စရာ မရှိပါ ဟု ပစ္စဝေက္ခဏာမှန်း ဉာဏ်အစွမ်းဖြင့် ခွဲခြမ်းမြဲခိုင် ကိုယ်တိုင်နစ်နော သဘောမလပ် ရှုမြင်အပ်၏။ သော ဓမ္မော၊ ထိုလောကုတ်တရား မြတ်ကိုးပါးသည်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက မည်တော်မူ၏။

၃။ ယော ဓမ္မော၊ အကြင် မဂ်လေးပါး တရားတော်သည်။ အကာလိကော၊ မိမိ၏ အနန္တရ၌ နိသံသမျိုး ဖိုလ်အကျိုးကို ကွန့်ဖြိုးမနှေး ပေးပေတတ်၏။ သော ဓမ္မော၊ ထိုမဂ်လေးပါး တရားတော်သည်။ အကာလိကော၊ အကာလိက မည်တော်မူ၏။

၄။ ယော ဓမ္မော၊ အကြင် လောကုတ်ကိုးပါး မြတ်တရားသည်။ ဧဟိပဿိကော၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ကောင်းစွာတင်ထားပတ္တမြားကဲ့သို့၎င်း၊ ဆီးနှင်းမြူတိမ် သူရိန်မိုးခိုး မှောင်မျိုးမသွန်း လပြည့်ဝန်းကဲ့သို့၎င်း၊ ညစ်ကြေးမတင် ဖြူစင်သန့်ရှင်း၍ ခပင်းများစွာ လူဗိုလ်ပါကို လာလှည့် ရှုလှည့်ဟူသောအစီအရင်ကို လျင်စွာအမှန် ခံတော်မူထိုက်၏။ သော ဓမ္မော၊ ထို ကိုးပါး သရုပ် လောကုတ် ထင်ရှား မြတ် တရားသည်။ ဧဟိပဿိကော၊ ဧဟိပဿိက မည်တော်မူ၏။

၅။ ယော ဓမ္မော၊ အကြင် လောကုတ်ကိုးပါး မြတ်တရားသည်။ ဩပနေယျိကော၊ ဘာဝနာခန်း ဉာဏ်အစွမ်းဖြင့် စီးပြန်းမဆိတ် စိတ်၌မလပ် ကပ်၍မကင်း ယူဆောင်ခြင်းကို အပ်နှင်းသိန်းပိုက် ထိုက်တော်မူ၏။ သော ဓမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ဩပနေယျိကော၊ ဩပနေယျိက မည်တော်မူ၏။

၆။ ယော ဓမ္မော၊ အကြင်လောကုတ်ကိုးပါး မြတ်တရားကို။ ဝိညူဟိ၊ ဥဂ္ဃာတိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ်တို့သည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ စိတ်နှလုံး၌ ယူကြုံးပိုက်ဖြား ကောင်းစွာ ထား၍ ခံစားမလပ် ရှုမှတ်အပ်၏။ သော ဓမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ပစ္စတ္တံ ဝေဒိတဗ္ဗ မည်တော်မူ၏။

ဣတိ ဣမေဟိ ဆဟိ ဂုဏေဟိ၊ ဤသို့ ပိုင်းခြား ခြောက်ပါး သရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူ, နတ်, ဗြဟ္မာ သုံးဖြာသောလောက၌။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းရှည့် တုဘက်အပ်သော တရားလည်း မဟုတ် နှိုင်းရှည့် တုဘက်အပ်သော တရားလည်း ရှိတော်မမူထသော။ တံဓမ္မံ၊ ထိုတရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

တရားဂုဏ်တော် ၆-ပါး သရုပ်ယောဇနာ ပြီး၏။

သံဃာဂုဏ်တော် ၉-ပါး ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ဧသ ဘဂဝတော သာဝကသံဃော ပါဟုနေယျော၊ ဧသ ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျော၊ ဧသ ဘဂဝတော သာဝကသံဃော အဉ္ဇလီကရဏီယော၊ ဧသ ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ နဝဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါ တုလံ။

ဤကား သံဃာဂုဏ်တော် ၉-ပါး ရှိခိုးနည်း။

သံဃာဂုဏ်တော် ၉-ပါး သရုပ် ယောဇနာ

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင် တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သုပ္ပဋိပန္နော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်မြွက်ဘော် တရားတော်အား သင့်လျော်မှီကပ် အကျင့်မြတ်ကို မလပ်ဘြော်လဲ ကျင့်ယူဆဲလည်း ဖြစ်တော်မူ၏၊ ဖြူစင်ကွန့်မြိုး ဖိုလ်အကျိုးလည်းရှိတော်မူ၏။ သေ-သော သာဝကသံဃော၊ ထို တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သုပ္ပဋိပန္နော၊ သုပ္ပဋိပန္န မည်တော်မူ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင် တပည့် သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဥဇုပ္ပဋိပန္နော၊ သုံးဖြာဒွါရ ရင်းမူလ၌ ပါပညစ်ကျံ ကာယကံနှင့် ဝစီကံ မနော ကံသဘောကို ဆေးကြောပယ်လှပ်၍ ဖြောင့်မတ်သော အကျင့်ကိုလည်း ကျင့်တော်မူဘတ်၏။ သေ-သော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက် သည်။ ဥဇုပ္ပဋိပန္နော၊ ဥဇုပ္ပဋိပန္န မည်တော်မူ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝက သံဃော၊ အကြင် တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုး ကွန့်မြိုးစေကြောင်း ကောင်းမြတ်လှစွာ ဝိပဿနာဘူတ အနုဓမ္မကို တစမလပ် ကျင့်တော်မူတတ်၏။ သေ-သော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဉာယပ္ပဋိပန္နော၊ ဉာယပ္ပဋိပန္နမည်တော်မူ၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝက သံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ သာမီစိပ္ပဋိပန္နော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကောင်းစွာ နှစ်

ခြိုက် ရှိသေထိုက်အောင် ကျင့် ဆောင် တော်မူတတ်၏။ သေ-
ဧသော သာဝက သံဃော၊ ထို တပည့်သံဃာ အရိယာပုဂ္ဂိုလ်
ရှစ်ယောက်သည်။ သာမီစိပ္ပဋိပန္နော၊ သာမီစိပ္ပဋိပန္န မည်တော်
မူ၏။

၅။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယဒိဒံ ယာနိစတ္တာရိ
ပုရိသယုဂါနိ၊ အကြင် လေးယောက်ကုန်သော ယောကျာ်းအစုံ
တို့သည်။ အဋ္ဌပုရိသပုဂ္ဂလာ၊ ယောကျာ်းပုဂ္ဂိုလ် ရှစ်ယောက် တို့
သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေ-ဧသော သာဝကသံဃော၊ ထို
တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။အာဟုနေယျော၊
အဝေးမှဆောင်ယူ၍ ပူဇော်လှူအပ် ပစ္စည်းရပ်ကို မလပ်သိမ်းပိုက်
ခံယူထိုက်သည်၏ အဖြစ်ကြောင့်။ အာဟုနေယျော၊ အာဟုနေယျ
မည်တော်မူ၏။

၆။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ-ဧသော သာဝက
သံဃော၊ ထို တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက် သည်။
ပါဟုနေယျော၊ စတုဒိသာ ရပ်မျက်နှာမှ ရောက်လာ ရောရှ
အာဂန္တုအား ရည်မှတ်သား၍ ထားအပ်ကြည်ဖြူ များအလှူကို
ခံယူသိမ်းပိုက် ထိုက်တော်မူသည်၏ အဖြစ် ကြောင့်။ ပါဟုနေ
ယျော၊ ပါဟုနေယျ မည်တော်မူ၏။

၇။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ-ဧသော သာဝက
သံဃော၊ ထို တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက် သည်။
ဒက္ခိဏေယျော၊ ရည်မှတ် ကြည်ဖြူ ပေးအလှူကို ခံယူ သိမ်းပိုက်
ထိုက်တော်မူသည်၏အဖြစ်ကြောင့်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျ
မည်တော်မူ၏။

၈။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ-ဧသော သာဝက
သံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက် သည်။

အင်္ဂုလိမာလကရဏီယော၊ လက်အုပ်ချီမိုး ရှိခိုးငပ်စင်း ရှိသေခြင်းကို မယွင်းဧကန် ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်။ အင်္ဂုလိမာလကရဏီယော၊ အင်္ဂုလိမာလကရဏီယ မည်တော်မူ၏။

၉။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ-ဧသော သာဝက သံဃော၊ ထို တပည့်သံဃာ အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်သည်။ လောကဿ၊ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်း၏။ အနုတ္တရံ ပုညက္ခေတ္တံ၊ သဒ္ဓါစေ့မျိုး စိုက်ပျိုးပစ်ချရာ လယ်ယာမြေကောင်း သဘွယ် အကယ် စင်စစ် ဖြစ်တော် မူသည်၏ အဖြစ် ကြောင့်။ အနုတ္တရံ ပုညက္ခေတ္တံ၊ အနုတ္တရံ ပုညက္ခေတ္တ မည်တော်မူ၏။

ဣတိ ဣမေဟိ နဝဂုဏေဟိ၊ ဤသို့ ပိုင်းခြား ကိုးပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူ နတ် ဗြဟ္မာ သုံးဖြာ သော လောက၌။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းရှည့် တုဘက်အပ်သော သူလည်း မဟုတ်၊ နှိုင်းရှည့်တုဘက်အပ်သော သူလည်း ရှိတော် မမူ ထ သော။ တံ အရိယသံဃံ၊ ထိုအရိယာသံဃာတော်မြတ်ကို။ အဟံ၊ အကျွန်ုပ် သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြွက်နှိုး ရှိခိုးပါ၏ အရှင်ဘုရား။

သံဃာဂုဏ်တော် ၉-ပါး သရုပ် ယောဇနာ ပြီးပြီ။

ဘုန်းကြီးသက်ရှည်ဂါထာ ယောဇနာ

ရူ-ဉာ-ဏူ-ဝ အစိန္တေယျံ၊ လက္ခဏာ စိတြတ္တမဟံ။
အမတာကာရ မန္တာပိ၊ နိဗ္ဗာနဉ္စ နမေ ဇိနံ။

ရူ-ဉာ-ဏူ-ဝ အစိန္တေယျံ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပသာဒ စက္ခု မျက်စိမူဖြင့် ရှု၍မငြီး မပြီးမစဲ မရောင့်ရဲနိုင်အောင် အသရေ

ဆောင်တတ် မြတ်သော လက္ခဏာတော်ကြီး သုံးဆယ့်နှစ်သွယ်၊ ရှစ်ဆယ်ကုန်သော လက္ခဏာတော်ငယ်တို့ဖြင့် မချိုရံခါ တန်ဆာ အသွင် ဆင်ယင်အပ်သော ဝဏ္ဏာယတန တည်းဟူသော ရူပ အဆင်တော်၊ အဆင်းတော်၏ဖြစ်အင် ဝန်းကျင်ပတ်ကုံး ပရမာ နုမြူလုံးခန့် မသန့်စွန်းငြိ မရှိစင်ကြယ် အလွန်သပ္ပါယ် တင့်တယ် တော်မူခြင်း တည်းဟူသော ရူပဝိလာသ၊ အဘိရူပ လှသည်လုံးစုံ ကျေးဇူးဂုဏ်ကို အာရုံဖန်ဖန် အတန်တန်လျှင် ကြံစည်အံ့သြ ပြော ဟော၍ မကုန်နိုင်ခြင်း တည်းဟူသော ရူပအစိန္တေယျ၊ သဗ္ဗါရ ဝိကာရ လက္ခဏာနိဗ္ဗာန် ပညတ်ဟုဆိုအပ်သော ဉေယျငါးတန် တရားမှန်ကို ကေန်တိတိ အလိုတော်ရှိတိုင်း သိမြင်နိုင်ခြင်း သဗ္ဗ ညုတဉာဏ်တည်းဟူသောဉာဏ၊ အစိတ်အပေါင်း သောင်းပြောင်း မကြွင်း သိမြင်ခြင်း၌ တင့်တယ်စမ္ပယ်ခြင်း တည်းဟူသော ဉာဏ ဝိလာသ၊ စတုဝေသာရဇ္ဇ စသည်မကြွင်း ဉာဏ်ခပင်းတို့၏ သိခြင်း ကိစ္စ ဟူသမျှကို မြူမျှမကြွင်း သိမြင်ခြင်း၌ ကြံစည်အံ့သြ ပြော ဟော၍ မကုန်နိုင်ခြင်း တည်းဟူသော ဉာဏအစိန္တေယျ၊ ကိုယ် တော်ကိုတမူ အနုမြူခန့်မယွင်း ဖန်ဆင်းခြင်း အနိမာစသော ဣဒ္ဓိဝိလာသ ရှစ်ပါးတည်းဟူသော ဣဒ္ဓိ၊ တန်ခိုးရှစ်တန် ဖေါက်ပြန် မယွင်း ဖန်ဆင်းခြင်း၌ တင့်တယ်စမ္ပယ်ခြင်း တည်းဟူသော ဣဒ္ဓိ ဝိလာသ၊ မျက်လုံးတော်နှစ်ဘက်မှ ရေမီးထွက်၍ ဘဝဂ်အဆုံး အုပ်ဖုံးနိုင်ခြင်း၌ ကြံစည်အံ့သြ ပြောဟော၍ မကုန်နိုင်ခြင်းတည်း ဟူသော ဣဒ္ဓိအစိန္တေယျ၊ ဝိသဋ္ဌ မဉ္ဇုဝိညေယျ စသည်ရှစ်တန် အသံတော်အင်္ဂါဖြင့် တန်ဆာဆင်အပ် မြတ်သော စကားတော် တည်းဟူသော ဝစန၊ ယာဂုပါန သောက်ကာလမျှ ဟောပြပေါ ယာ၏ နိကာယ်ဒီဃ ပမာဏလောက် ရှိမြောက်အမြား စကား တော်၏ တင့်တယ်စမ္ပယ်ခြင်း တည်းဟူသော ဝစနဝိလာသ၊ လှုရပ်

နတ်ထံ ပြဟ္မာ့ယံထိအောင် ရှစ်သောင်းလေးထောင် မြားမြောင် လုစ္စာ ဓမ္မက္ခန္ဓာ၌ အာဒိ,မဇ္ဈ,ပရိယောသာန ကလျာဏသုံးပြာ သဒ္ဒါခြောက်ပါး အနက်ခြောက်ပါး ဟောကြားမယွင်း ပြည့်စုံ ခြင်းကြောင့် ထက်ဝန်းကျင် ဖြူစင်သန့်ရှင်းသော စကားတော်၏ ဖြစ်ဟန်ကို အဖန်ဖန် ကြံစည်အံ့ဩ ပြောဟော၍ မကုန်နိုင်ခြင်း တည်းဟူသော ဝစနအစိန္တေယျအားဖြင့် ၁၂-ပါးဂုဏ် ထုံတော် မူအပ်ထသော။ လက္ခဏာစိတြတ္တံ၊ ဘုရားဟု သိကြောင်းဖြစ်သော ဆန်းကြယ်သော လက္ခဏာတော် ကြီး,ငယ်လည်း ရှိတော်မူထ သော။ ဇိနန္တ၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကိုငင်း။ အမတာ ကာရမန္တာပိ၊ မသေမကြေ အမြဲနေသော အခြင်းအရာသဏ္ဌာန် လည်း ရှိတော်မူထသော။ နိဗ္ဗာနန္တ၊ နိဗ္ဗာန် တရားတော်မြတ်ကို ငင်း။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ ၏ အရှင်ဘုရား။

ဤကား ယေဇနာ၊ နှုတ်တက်ဆောင်။

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

ဤဂါထာကား လနတ်သား, နေနတ်သားတို့ကို ရာဟု အသူ ရိန်ဘမ်း၍ ငင်းနတ်သားတို့က ရွတ်သောဂါထာ။ (သံယုတ် ပါဠိတော်)

ဝီရ၊ ကြီးသောလုံ့လ ရှိတော်မူသော။ ဗုဒ္ဓ၊ မြတ်စွာဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ နမော၊ ရှိသေမြတ်နိုး ရှိခိုးခြင်းသည်။ အတ္ထု-ဘာတု၊ ဖြစ်ပါစေသတည်း။ ဘဂဝါ၊ မြတ်စွာဘုရား။ တွံ၊ အရှင်ဘုရားသည်။ သဗ္ဗဓိ၊ တဏှာတည်းဟူသော တောင့်တ

ခြင်းမှ။ ဝိပ္ပမုတ္တော၊ စင်ကြယ်လွတ်ကင်း သန့်ရှင်းတော်မူသည်။ အသိ၊ ဖြစ်ပြီ။ ဘဂဝါ၊ မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်သည်။ သမ္မာဓ ပဋိပန္နော၊ ကျဉ်းမြောင်းခြင်းသို့ ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။ ဘဂဝါ၊မြတ်စွာဘုရား။ တံ၊အရှင်ဘုရားသည်။ တဿမေ၊ ထိုအကျွန်ုပ်၏။ သရဏံ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာသည်။ ဘဝ၊ ဖြစ်တော်မူပါလော့။

ဖြဟ္မဝိဟာရပွား

သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ သဗ္ဗေ အရိယာ သဗ္ဗေ အနရိယာ သဗ္ဗေ ဒေဝါ သဗ္ဗေ မနုဿာ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ဘူမဋ္ဌ ဒေဝတာ ရုက္ခဋ္ဌ ဒေဝတာ အာကာသဋ္ဌ ဒေဝတာ အာရက္ခဒေဝတာ အဝေရာ ဟောန္တု။လ။ ကမ္မဿကာ။

ဣမသ္မိံ ဝိဟာရေ ဣမသ္မိံ အာဝါသေ ဣမသ္မိံ အာရာမေ ဣမာယ ဥပစာရ သီမာယ သဗ္ဗေ သတ္တာ။လ။ကမ္မဿကာ။

မာတာပိတု အာစရိယာ ဉာတိသမူဟာ ဥပါသကာ - ဥပါသိကာ စတုပစ္စယဒါယကာ အမှာကံ စတုပစ္စယဒါယကာ အဝေရာ ဟောန္တု။လ။ကမ္မဿကာ။

အမှာကံ ဂေါစရဂါမေ ဣမသ္မိံ ဂါမေ ဣမသ္မိံ ဂါမခေတ္တေ ဣမာယ ဂါမသီမာယ သဗ္ဗေ သတ္တာ။လ။ကမ္မဿကာ။

ပုရတ္ထိမာယ ဒိသာယ ပစ္ဆိမာယ ဒိသာယ ဥတ္တရာယ ဒိသာယ ခက္ခိဏာယ ဒိသာယ ပုရတ္ထိမာယ အနုဒိသာယ ပစ္ဆိမာယ အနုဒိသာယ ဥတ္တရာယ အနုဒိသာယ ဒက္ခိဏာယ အနုဒိသာယ ဟေဋ္ဌိမာယ ဒိသာယ ဥပရိမာယ ဒိသာယ သဗ္ဗေသတ္တာ ။ လ ။ ကမ္မဿကာ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။
ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ ။လ။ ယေ သတ္တာ ဥဒကေ စရာ။
ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ ။လ။ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။

ဒေဝတာပိယ မေတ္တာပွား

ဒူရေ အဝိဒူရေ ဝသန္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ တသာ သဗ္ဗေ ထာဝရာ သဗ္ဗေ ဒီဃာ သဗ္ဗေ မဟန္တာ သဗ္ဗေ မဇ္ဈိမာ သဗ္ဗေ ရဿကာ သဗ္ဗေ အနုကာ သဗ္ဗေ ထူလာ သဗ္ဗေ ဒိဋ္ဌာ သဗ္ဗေ အဒိဋ္ဌာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ ယေ သတ္တာ ဘဝန္တု သုခိတတ္တာ။

ဒူရေ အဝိဒူရေ ဝသန္တာ သဗ္ဗေ ဘူတာ သဗ္ဗေ သမ္ဘဝေသီ ဝါ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ ယေသတ္တာ ဘဝန္တု သုခိတတ္တာ။

ပကိဏ္ဏက ရွတ်စဉ်များ

သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယာ ဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ခေမပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယော ခေမော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ဇိနပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယော ဇိနော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ဝရပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယော ဝရော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယော တေဇော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ရုစိပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယာ ရုစိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ သိဝပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ သိဝံ။
အရဟန္တာနဉ္စ တေဇေန ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယာ ဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ မေန္တု။
ယံ ဒုန္နိမိတ္တံ ။လ။ ဓမ္မာနုဘာဝေန ဝိနာသ မေန္တု။
ယံ ဒုန္နိမိတ္တံ ။လ။ သံဃာနုဘာဝေန ဝိနာသ မေန္တု။
သစ္စာနုဘာဝေန ဝိနာသ မေန္တု။
မေတ္တာနုဘာဝေန ဝိနာသ မေန္တု။
ပုညာနုဘာဝေန ဝိနာသ မေန္တု။

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော တိ။

ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊ သမ္ဗုဒ္ဓေါစာပိ လောကဂ္ဂေါ၊
ဗုဒ္ဓံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

ဓမ္မော စ မင်္ဂလော လောကေ၊ ဂမ္ဘီရောစာပိ ဒုဒ္ဒသော။
ဓမ္မံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
သံဃော စ မင်္ဂလော လောကေ၊ ဒက္ခိဏေယျော သဒါ-ဟောတိ။

သံဃံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ (မေ) (တေ) (နော) (ဝေါ) ဟောတု သဗ္ဗဒါ။

သုဝဏ္ဏဘူမိ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလ မဒေသယုံ။
နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။
ဩဇာဒီပံ ဇိနော ဂန္တွာ၊ ကကုသန္ဓော မဟာဝိရော။
ပဇ္ဇရကေ သမေတွာန၊ ဓမ္မံ ဝရ မဒေသယိ။
စိရံ ကာယော ဌိတော ဟောတု၊ သမ္ပတ္တိဝါပိ သဗ္ဗဒါ။
ဣမိနာနုဘာဝေနိဟ၊ ကပ္ပဋ္ဌိဝ ဘယံသ (မေ) (တေ) (နော) (ဝေါ။)

တေသံ ဝေဿဝဏ္ဏာဒီနံ၊ ပုတ္တာနဉ္စ ကတံ ဣဒံ။
ပုညမ္ပိ နော ပဏ္ဏာကာရံ၊ ရဋ္ဌိကာနဉ္စ ဒုက္ခမံ။
မဟာသေနာပတီနဉ္စ၊ ဘော ပိတာ န တတောပရံ။
ဘာဝ ရက္ခေထ ယက္ခာနံ၊ တံ အမှေဟိ သဒါ သဒါ။

ဆ တေ သတ္တသဟဿာ စ၊ ပဉ္စသတာ စ ကုမ္ဘိရော။
မဟာရာဇာ စ တံပုတ္တာ၊ ဂန္ဓဗ္ဗာ စေဝ ဒါသကာ။

ဟတ္ထိ နာဂါ သုပဏ္ဏာ စ၊ သက္ကာဒယော စ သဒ္ဒိကာ။
သမာရကာ အသုရာ စ၊ မဟာဗြဟ္မာဒယော ပရေ။

တုမှာကမ္ပိ ပဏ္ဏာကာရံ၊ ဘာဝ ရက္ခေထ ဘော သဒါ။
တသ္မာ ဉမံ ယထာဓမ္မံ၊ အမှေ ဇနေ စ သာသနံ။
မောဒမာနာ အဘိက္ကာမုံ၊ ဘိက္ခုန္နံ သမိတိံ ဝနံ။

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဧတ္တာဝတာစ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

ယံပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။
ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာန သုခမုတ္တမံ။
စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

(၆၇) ဓမ္မဝိနယ ရှင်ကျင့်ဝတ်

ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။

ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံပဇံ။

ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ သံဃံ ပူဇေမိ။

အဒ္ဓါ ဣမာယ ဓမ္မာနုဓမ္မပ္ပဋိပတ္တိယာ ဇာတိဇရာဗျာဓိမရဏာ
မှာ ပရိမုစ္စိဿာမိ။

မူလဒွါရ ဝတ်ရွတ်စဉ် ပြီး၏။

ဗု ဒ္ဓ ပူ ဇ န စာ တမ်း

ဆွမ်းတော်ကပ်

ဆဠာရမ္မဏုပေတိမံ၊
ခါဒနီယ သုဘောဇိတံ။
ဝသိတွာ ဘုဉ္ဇ တွံ ဘန္တေ၊
ဒဒါမိ တေ သုအာသနေ။ ။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်ကျေးဇူးရှင် သခင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဆဠာရမ္မဏုပေတံ၊ အလိုရှိအပ်မြတ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့နှင့် ပြည့်စုံကုံလုံသော။ ဣမံ ခါဒနီယ သုဘောဇိတံ၊ ဤခဲဘွယ်ဘောဇဉ်ကို။ တေ၊ အရှင်ဘုရားအား။ ဒဒါမိ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပါ၏။ တွံ၊ အရှင်ဘုရားသည်။ သုအာသနေ၊ နံ့သာတုံသင်း ကောင်းစွာ ခင်းထားအပ်သော ဤနေရာအခင်း၌။ ဝသိတွာ၊ ကောင်းမြတ်တင့်တယ် စမ္ပယ်တော်မူ၍။ ဘုဉ္ဇဘန္တေ၊ ဘုဉ်းပေးသုံးဆောင်တော်မူပါ အရှင်ဘုရား။

ရေချမ်းကပ်

ရသသမ္ပန္နုဒကေတံ၊
တထာဂတဿ ဘုဉ္ဇိမံ။
မုခေါဒကဉ္စ တေ ဘန္တေ၊
ဒဒါမဟံ ယထာသုခံ။ ။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်ကျေးဇူးရှင် သခင်ဘုရား။ ဧတံရသသမ္ပန္နုဒကံ၊ ချိုမြိန်ရသာ ချမ်းအေးစွာနှင့် ပြည့်စုံသော

ဤရေချမ်းကိုဌင်း။ ဣမံမုဓေါဒကဥ္စ၊ ဤမျက်နှာတော်ဆေး ရေချမ်းအေးကိုဌင်း။ တထာဂတဿ၊မဖေါက်မပြန် မှန်သောစကားကိုသာ ချီသာနစ်နော ပြောဟောတော် မူတတ်သော။ တေ၊ အရှင်ဘုရားအား။ အဟံ၊ အကျွန်ုပ်သည်။ ဒဒါမိ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပါ၏။ ယထာသုခံ၊ ချမ်းသာစွာ။ ဘုဥ္ဇဘန္တေ၊ သုံးဆောင်တော်မူပါ အရှင်ဘုရား။

ပန်းတော်ကပ်

နာနာဒါမေ တေ ဇိနဿ၊
နာနာဝဏ္ဏာ သုဂန္ဓိကေ။
တထာဂတဿ တေ ဘန္တေ၊
ပူဇေမဟံ သဂါရဝံ။ ။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်ကျေးဇူးရှင် သခင်ဘုရား။ ဇိနဿ၊ ဒေဝပုတ္တ စသည်ပေါ်ထင် မာရ်ငါးအင်ကို အောင်မြင်တော်မူထသော။ တထာဂတဿ၊ မဖေါက်မပြန် မှန်သောစကားကိုသာ ချီသာနစ်နော ပြောဟောတော် မူတတ်ထသော။ တေ၊ အရှင်ဘုရားအား။ နာနာဝဏ္ဏာသုဂန္ဓိတေ၊ အထူးဆန်းကြယ် ရှုချင်ဘွယ်သောအဆင်း နတ်မဥ္ဇူ ပုံခင်း၍ သင်းပျံ့ လှိုင်ကြူ ကုန်သော။ တေ နာနာဒါမေ၊ ပွင့်ညှာယှက်ဆိုင် ရွက်ခိုင်ပန်းကပ် ယှက်ထပ်ပွင့်ငုံ အစုံစုံကုန်သောဤပန်းတို့ကို။သဂါရဝံ၊ရိုသေခြင်းနှင့်တကွ။ အဟံ၊ အကျွန်ုပ်သည်။ ပူဇေမိ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

ဆီမီးကပ်

ရံသိန္တြ နာမကော ဇိန၊
ပဒီပေဝ ပဒီပတော။
ဣမေဟိ မေ ပဒီပေဟိ၊
ပူဇေမဟံ သဂါရဝံ။ ။

ပဒီပေဝ ပဒီပတော၊ နေ့လအရောင် ရွှေတန်ဆောင် မီးကဲ့သို့ ထိန်ညီးတောက်လောင် ခြောက်ရောင်ခြည်တဝင်းဝင်း ထွန်းလင်းတော်မူခြင်းကြောင့်။ ရံသိန္တြနာမကော၊ရံသိန္တြမည်တော်မူသော။ ဇိန၊ ငါးမာရ် အောင်မြင် ဘုရားရှင်။ တော၊ အရှင်ဘုရားအား။ ဣမေဟိ ပဒီပေဟိ၊ ဤဆီမီးတန်ဆောင် ပြောင်ပြောင်ဝင်းဝင်း အရောင်အလင်းတို့ဖြင့်။ သဂါရဝံ၊ ရိုသေခြင်းနှင့်တကွ။ အဟံ၊ အကျွန်ုပ်သည်။ ပူဇေမိ၊ သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါ၏၊ အရှင်ဘုရား။

ဗုဒ္ဓပူဇာနစာတမ်း ပြီး၏။

မူလဒွါရ မဟာနိကာယ ဓမ္မဝိနယစာမေးပွဲ

စည်းမျဉ်း ဥပဒေ

၁။ စာမေးပွဲ ရည်ရွယ်ချက်

ဤ ဓမ္မဝိနယစာမေးပွဲ ပြုလုပ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ—

(က) မူလဒွါရ မဟာနိကာယဝင် ရှင်ရဟန်းငယ်တို့၏ ပညာတိုးတက်ရေး။

(ခ) မူလဒွါရ မဟာနိကာယဝင် အရှင်မြတ် အားလုံး တို့၏ စည်းရုံးညီညွတ်ရေး။

(ဂ) မူလဒွါရ မဟာနိကာယ၏ ကြီးပွားတိုးတက်ရေးတို့ ဖြစ်ကြသည်။

၂။ တည်ရာဌာန

ဓမ္မဝိနယ စာမေးပွဲ တည်ရာဌာနမှာ အုဂ်ဖို့ရ်ကျေးဇူးသျှင်ဘုရားကြီး၏ ဖွားတော်မူရာ (ဇနိတ္တ) ဌာန၊ စံလွန်တော်မူရာ (မရိတ္တ)ဌာန၊ အရိုးဓာတ်တော် ကိန်းဝပ်ရာ(ထူပ ပတိဋ္ဌ)ဌာန ဖြစ်သော သာယာဝတီခရိုင် သာရဝေါတိုက်နယ် ရွာကလေးရွာ ဗဟုဒေဝနိမ္မိတ မဟာစေတျာရာမကျောင်းတိုက်၌ ဖြစ်လေသည်။

၃။ အခြေခံ ပစ္စယာနုဂ္ဂဟ

ဓမ္မဝိနယ စာမေးပွဲ၏ လိုအပ်သော ပစ္စယာနုဂ္ဂဟအတွက် မူလဒ္ဒါရ မဟာနိကာယဝင် ကျောင်းတိုက်အသီးသီး၏ စတုပစ္စယ ဒါယကာတို့က မိမိတို့၏ ကျောင်းတိုက်အလိုက် သင်းပိုင်တထည်၊ ဘိနပ်တရံ၊ ထီးတလက်၊ အနာမဘာ တဆယ်ကျပ် (သို့မဟုတ် ထိုပစ္စည်းများနှင့် တန်ဘိုးညီမျှသော အခြားပစ္စည်းဝတ္ထု) တို့ အောက် မယုတ်လျော့ဘဲ ထည့်ဝင်လှူဒါန်းကြရန်။

ဆွမ်း,ကွမ်း,ဝေယျာဝစ္စ စသည့်တာဝန်ကို သာရဝေါတိုက် နယ်နှင့် ဇီးဖြူကုန်း တိုက်နယ်ရှိ ဒါယကာ - ဒါယိကာမ တို့အား အမှီပြုရန်။

အလှူပစ္စည်းရရှိပေါ်ပေါက်သမျှကို စာမေးပွဲအောင် အတန်း အဆင့်အလိုက် မျှတဝေဘန်ခွဲခြမ်း လှူဒါန်းချီးမြှင့်ကြရန်။

၄။ စာမေးပွဲ ကျင်းပရက်

နှစ်စဉ် မူလဒ္ဒါရ မဟာနိကာယ သံဃာအစည်းအဝေးနှင့်တိုက် ဆိုင်၍ တပို့တွဲလဆန်း ၁၂-ရက်၊ ၁၃-ရက်၊ ၁၄-ရက်တို့၌ ကျင်း ပကာ လပြည့်နေ့၌ ဆုနှင်းသဘင် ကျင်းပရမည်။

၅။ အုပ်ချုပ်ရေးအဖွဲ့

ဓမ္မဝိနယစာမေးပွဲတွင် ကြီးမှူးအုပ်ချုပ်ရေးအဖွဲ့ကို—

(က) မဟာနာယက။

(ခ) ပညာရေးအဖွဲ့ ဟူ၍ နှစ်ဖွဲ့သတ်မှတ်ထားရှိသည်။

မဟာနာယက အဖွဲ့မှာ မူလဒ္ဒါရ မဟာနိကာယမှ ရွေးချယ် တင်မြှောက် အပ်ပြီးသော မဟာနာယက ဆရာတော်ဘုရားကြီး

များ အဖွဲ့ပင် ဖြစ်သည်။ ဤမဟာနာယကက အဖွဲ့သည် ဓမ္မဝိနယ စာမေးပွဲဆိုင်ရာတွင် အဖွဲ့အနေအားဖြင့် သော်၎င်း၊ တပါးချင်း အနေအားဖြင့်သော်၎င်း အထွေထွေကိစ္စတို့၌ အာဏာပိုင် ဖြစ်လေသည်။

ပညာရေးအဖွဲ့တွင်—

၁။ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဘက်-အတွင်းရေးမှူးနှင့် ထိုမှတပါး အမှုဆောင် ၁၆-ပါး အနည်းဆုံးရှိရမည်။

၂။ ပညာရေးအဖွဲ့ဝင်များ ရွေးကောက်ရာ၌ ခရိုင်အနှံ့ ပါဝင်စေရမည်။

၃။ ယေဘုယျအားဖြင့် ဥက္ကဋ္ဌ၊အတွင်းရေးမှူးများကို တနှစ်တကြိမ် ပြောင်းလဲ တင်မြှောက်ရမည်။

၄။ ယေဘုယျအားဖြင့် အဖွဲ့ဝင် အမှုဆောင်များသည် ကျောင်းထိုင်၊ သို့မဟုတ် စာချများ ဖြစ်ရမည်။

၅။ နှစ်စဉ် ဆုနှင်းသဘင်ပြီးဆုံးသောအခါ လက်ရှိအဖွဲ့သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၆။ နှစ်စဉ် ဆုနှင်းသဘင်အပြီးတွင် ဆက်လက်၍အဖွဲ့သစ်ကို ရွေးကောက်တင်မြှောက် ကျေညာရမည်။

၇။ အဖွဲ့သစ်သည် လာမည့်နှစ်စာမေးပွဲအတွက် လိုအပ်သမျှကိစ္စအဝဝကို ပြည့်စုံအောင်ဆောင်ရွက်ရမည်။

၈။ ယေဘုယျအားဖြင့် အဖွဲ့သစ်သည် အောက်ပါ တာဝန်များကို ထိုနေ့၌ပင် ခွဲဝေပေးလိုက်နိုင်ရမည်။

(က) ပုစ္ဆာထုတ်တာဝန်(လျှို့ဝှက်စွာ)

(ခ) စာမေးပွဲလက်ခံရေးတာဝန်။

(ဂ) စာမေးပွဲနှင့် ပတ်သက်၍ ကျေညာသင့်သမျှ တာဝန်။

၉။ စာမေးပွဲ ကျင်းပရက်နီးကပ်၍ ဗဟိုဌာနသို့ ရောက်လာသောအခါ ထိုအဖွဲ့သည်ပင် အောက်ပါတာဝန်များကို ခွဲဝေအပ်နှင်းပေးရမည်။

(က) အလှူပစ္စည်း လက်ခံထိန်းသိမ်းရေး။

(ခ) အလှူပစ္စည်း ဝေဘန်မျှတရေး။

(ဂ) အဖြေလွှာများကို စစ်ဆေးအမှတ်ပေးရေး။

(ဃ) အောင်စာရင်း ညှိနှိုင်းထုတ်ပြန်ရေး။

(င) အာဂုမ်ပြန်လက်ခံရေး။

(စ) ရေးဖြေဌာနကြီးကြပ်ရေး။

၆။ ပုစ္ဆာထုတ်အဖွဲ့

(က) ပုစ္ဆာထုတ် အဖွဲ့သည် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဟူ၍ ရှိနေမည်။

(ခ) အဖွဲ့ဝင်တိုင်းသည် အတန်းတိုင်းအတွက် ပုစ္ဆာအပြည့်အစုံထုတ်ဆင်ရမည်။

(ဂ) ပုစ္ဆာခက်သည် ဖြစ်စေ၊ လွယ်သည်ဖြစ်စေ အဖြေနှင့်တကွ ထုတ်ဆင်ရမည်။

(ဃ) ပုစ္ဆာတိုင်း၌ အဖြေနှင့်တကွ အမှတ်ပေးပုံ (အစိတ်အပေါင်း)ကိုပါ သီးခြားစာရွက်ဖြင့် ဖော်ပြပါရှိစေရမည်။

(င) ပုစ္ဆာထုတ် ပုဂ္ဂိုလ်ကို အမှုဆောင် မဟုတ်သော်လည်း ခန့်ထားနိုင်သည်။

(စ) ပုစ္ဆာထုတ် အဖွဲ့ဝင်တို့သည် နှစ်စဉ် နတ်တော်လပြည့် အတွင်း ဥက္ကဋ္ဌထံသို့ အရောက် ပုစ္ဆာများကို ပို့ကြရမည်။

(ဆ) ပုစ္ဆာထုတ်အဖွဲ့ ဥက္ကဋ္ဌသည် ထိုပို့အပ်သော ပုစ္ဆာများကို စီစစ်၍ ထိုနှစ်မေးမည့် ပုစ္ဆာလွှာ အစီအစဉ်ပြုလုပ်ရမည်။

(ဇ) ပုစ္ဆာထုတ် ဥက္ကဋ္ဌသည် အောက်ပါမှုဖြင့် ပုစ္ဆာများကို စီစစ်ရမည်။

၁။ ပုစ္ဆာများသည် အတန်းနှင့် ဆီလျော်စေရမည်။ မခက်လွန်းစေရ၊ မလွယ်လွန်းစေရ။

၂။ ပုစ္ဆာများသည် ဤစာမေးပွဲ၏ လွန်ခဲ့သော ၃ - နှစ်အတွင်းက မေးမြန်းပြီးများ မဖြစ်စေရ။

၃။ ဥက္ကဋ္ဌသည် ပုစ္ဆာများကို ညှန့်ပေါင်း ဖြစ်စေ၊ တခုခုကို ဖြစ်စေ၊ အသစ်ဆင်ထုတ်၍ဖြစ်စေ ဖေါ်ပြပါမှုအရ ပြုလုပ်နိုင်ခွင့်ရှိသည်။ ကျန်ပုစ္ဆာများကို လျှို့ဝှက်ထားရမည်။

(ဈ) ဥက္ကဋ္ဌသည် ပုစ္ဆာလွှာကို ကိုယ်တိုင်ပြည့်စုံစွာ ပြုလုပ်၍ဖြစ်စေ၊ မော်ကွန်းထိန်း အထံသို့ ပို့ရောက် ပြည့်စုံစေ၍ဖြစ်စေ ဗဟိုဌာနသို့ လျှို့ဝှက်စွာ ယူဆောင်လာရမည်။

(ည) ပုစ္ဆာ ပေါက်ကြားသော်ငင်း၊ ပေါက်ကြားသည်ဟု သံသယရှိသော်ငင်း ပညာရေး အဖွဲ့ဥက္ကဋ္ဌ၏ အာဏာဖြင့် အဖွဲ့သစ်ဖွဲ့စည်း၍အသစ်ဆင်ထုတ်မေးမြန်းရမည်။

၇။ စာမေးပွဲဝင် လက်ခံရေး

စာမေးပွဲဝင်လက်ခံပုဂ္ဂိုလ်သည် သာမန်အားဖြင့် အတွင်းရေးမှူးဖြစ်သော်လည်း အခြေအနေအရ ဥက္ကဋ္ဌဆရာတော် ညွှန်ကြားအပ်သော ပုဂ္ဂိုလ်ဖြစ်သည်။

(က) ထိုစာမေးပွဲ လက်ခံ ပုဂ္ဂိုလ်သည် စာမေးပွဲဝင်ပုဂ္ဂိုလ်များကို အတန်းလိုက် ခွဲခြား သတ်မှတ်၍ နှစ်စဉ် တပို့တွဲလဆန်း ၃-ရက်အတွင်းအရောက် ဗဟိုဌာနသို့ ပို့ပေးရမည်။

(ခ) လက်မှတ်ထိုးသူ ဖြေသူ အောင်မြင်သူ စာရင်းကို ရှင်းလင်းစွာ ထားရှိရမည်။

(ဂ) စည်းမျဉ်းနှင့် မကိုက်ညီသော လက်မှတ်ထိုး ပုဂ္ဂိုလ်တို့အားပယ်ပစ်ရမည်၊လက်မှတ်ထိုးပုဂ္ဂိုလ်က စောဒကဝင်ခဲ့သော် ဥက္ကဋ္ဌအထံတွင် အဆုံးအဖြတ် တောင်းယူရမည်။

၈။ ကျေညာနှိုးဆော်ရေး

ကျေညာနှိုးဆော်ရေး တာဝန်ခံပုဂ္ဂိုလ်သည်—

(က) ဓမ္မဝိနယ စာမေးပွဲနှင့် ပတ်သက်၍ သိသင့် သိထိုက်သည်တို့ကို အများသိရှိ နားလည်အောင် ကျေညာရမည်။

(ခ) အသစ် ပြုပြင်အပ်သော စည်းမျဉ်း ကျမ်းစာ စသည်တို့ကို (ရှိလျှင်) အထူးဂရုပြု ကျေညာရမည်၊ ကျေညာရေးသည် ဝါဒ ဖြန့်ချီရေးပင်ဖြစ်၍ အနည်းဆုံး တနှစ် ၂-ကြိမ်မျှ ကျေ ညာ နိုင် ရမည်။ (ကျေညာရမည် ဆိုသည်မှာ နိကာယဝင် ကျောင်းတိုက်များသို့ ပေးပို့ သိစေခြင်းပင် ဖြစ်သည်။)

၉။ အလှူပစ္စည်းလက်ခံထိန်းသိမ်းရေး

အလှူပစ္စည်း လက်ခံထိန်းသိမ်းရေး တာဝန်ခံပုဂ္ဂိုလ်သည်—

(က) လက်ခံဖြတ်ပိုင်းဖြင့် သေချာစွာ ရေးမှတ်ခံယူရမည်။

(ခ) တတ်နိုင်လျှင် ပစ္စည်းများကို တန်ဘိုးငွေပါ မေးယူ မှတ်သားရမည်။

(ဂ) အလှူပစ္စည်းများစာရင်းကို စာမေးပွဲ ကျင်းပ သည့် ရက်အတွင်း နေ့စဉ် ည ဂ-နာရီ အချိန်တွင် ဥက္ကဋ္ဌ အထံသို့ စာရင်းချုပ် ပြုလုပ်တင်ပြရမည်။

၁၀။ အလှူပစ္စည်းဝေဘန်ရေး

အလှူပစ္စည်း ဝေဘန်ရေး တာဝန်ခံ ပုဂ္ဂိုလ်အား ဝေဘန်ပုံ စံနစ်ချမှတ်ပေးရန်လိုအပ်မည်၊ ဝေဘန်ပုံ စံနစ်အချိုးအစားမှာ—

(က)	ရှင်ကျင့်ဝတ် အာဂုမ်	၁၀ိ	တ္တန်
(ခ)	ဘိက္ခုပါတိမောက် အာဂုမ်	၂၀ိ	တန်
(ဂ)	ဘိက္ခုနီ အာဂုမ်	၂၀ိ	တန်
(ဃ)	မူလသိက္ခာ အာဂုမ်	၁၅ိ	တန်
(င)	ခုဒ္ဒသိက္ခာ အာဂုမ်	၃၀ိ	တန်
(စ)	ဝိနည်းငယ် ၂-စောင် အာဂုမ်	၄၀ိ	တန်
(ဆ)	ဝိနည်းငယ် ၃-စောင် အာဂုမ်	၅၅ိ	ဘန်
(ဇ)	ဝိနည်းငယ် ၄-စောင် အာဂုမ်	ဂ၅ိ	တန်
(ဈ)	ပဌမငယ်အောင်	၅၀ိ	တန်
(ည)	ပဌမလတ်အောင်	၇၅ိ	တန်
(ဋ)	ပဌမကြီးအောင်	၁၀၀ိ	တန်
(ဌ)	စာချတန်း တကျမ်းလျှင်	၁၀၀ိ	တန်

(ဃ)	မူလတန်းများ ပဌမဆင့်	၂၀	တန်
	ဒုတိယဆင့်	၂၅	တန်
	တတိယဆင့်	၃၀	တန်
(င)	မူလသိက္ခာ ရေးဖြေသက်သက်	၁၅	တန်
(စ)	ခုဒ္ဒသိက္ခာ ရေးဖြေသက်သက်	၃၀	တန်

မှတ်ချက် ဤပြဆိုချက်သည် ဤတန်ဘိုးအတိုင်း လှူဒါန်းမည်ဟု ဆိုလိုခြင်းမဟုတ်၊ စာအောင် အဆင့် အတန်းအလိုက် လှူဘွယ် အချိုးအစားကို ပြခြင်းဖြစ်သည်။ အလှူပစ္စည်းပေါများရာ နည်းပါးရာကို လိုက်၍ စာအောင် ပုဂ္ဂိုလ်တို့သည် ဤထက်ပို၍ရသော် ရရာ၏၊ ဤအောက် နိမ့်၍ရသော် ရရာ၏။

၁၁။ အဖြေလွှာစီစစ်ရေး

အဖြေလွှာ စီစစ်ရေး တာဝန်ခံ ၂-ပါး သော်၎င်း၊ ၃-ပါး သော်၎င်း ဖြစ်လျက် ၎င်းတို့သည်—

(က) နောက်အဖြေလွှာမရရှိမီ ရှေးအဖြေလွှာများကို စီစစ်ပြီးဖြစ်ရမည်။

(ခ) စီစစ်ပြီး အဖြေလွှာများကို အမှတ်ရဇယား ပြုလုပ်၍ (အဖြေလွှာများနှင့်တကွ) ပညာရေးအဖွဲ့ ဥက္ကဋ္ဌအား အပ်နှံရမည်။

(ဂ) စီစစ်ရေးအဖွဲ့သည် ပုစ္ဆကအာဘောဂထက် ပုစ္ဆာ၏ သက်ရောက်သော အဓိပ္ပါယ်ကို ပိုမိုစီစစ်ရမည်။

(ဃ) ပုစ္ဆာ၏ အဆစ်အပိုင်းအလျောက် ရထိုက်သမျှ အမှတ်ပေးရမည်။

(င) အဖြေလွှာ စီစစ်ရေး အဖွဲ့သည် သတ်ပုံ မှား ခြင်း၊ လက်ရေးညံ့ဖျင်းခြင်းစသည်တို့အတွက် သင့်လျော်သလိုအရေးယူခြင်းနှင့်လက်ရေးကောင်းခြင်း၊အဖြေလွှာ သန့်ရှင်း သပ်ယပ်ခြင်း စသည်တို့အတွက် သင့်လျော်သလို အခွင့်အရေးပေးခြင်း အာဏာများရှိသည်။

၁၂။ အောင်စာရင်းညှိနှိုင်းထုတ်ပြန်ရေး

အောင်စာရင်းညှိနှိုင်းထုတ်ပြန်ရေးအဖွဲ့အတွက် ဥက္ကဋ္ဌသည် —

(က) ၁-ပုစ္ဆာထုတ်ပုဂ္ဂိုလ်၊ ၂-အဖြေစစ်ပုဂ္ဂိုလ်၊ ၃-ပစ္စည်းထိန်း ပုဂ္ဂိုလ်၊ ၄-စာမေးပွဲကြီးကြပ်ပုဂ္ဂိုလ်တို့ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ယေဘုယျအားဖြင့် အောင်မှတ် သည် အာဂုံပြန် ၇၅% ရေးဖြေ ၄၀ % ဖြစ်စေရမည်၊ အောင်မြင်သူနည်းပါးခဲ့လျှင် အောင်မြင်မှုနည်းပါးရာ ဘာသာရပ်ပုစ္ဆာကို ပြန်လည်စီစစ်၍ မေးမြန်းပုံအဆင့် မြင့်သည်ဟု ထင်မြင်ရလျှင် အောင်မှတ်ကို ဖြည့်ပေးနိုင်သည်။ သို့မဟုတ် အောင်မှတ် ရာနှုန်းလျှော့ပေးနိုင်သည်။

(ဂ) စွမ်းနိုင်လျှင် အောင်စာရင်းကို အမှတ်စဉ် အတိုင်း ထုတ်ပြန်ရမည်။

၁၃။ စာပြန်လက်ခံရေးအဖွဲ့

စာပြန်လက်ခံရေးအဖွဲ့သည်—

(က) ပြန်ဆိုမည့် စာကို ၆-ပိုင်း ပိုင်း၍ တနေ့လျှင် ၂-ချိန် ၂-ပိုင်း ပြန်ဆိုစေရမည်။

(ခ) ရေးဖြေလည်း ရှိနေသော စာပြန်သူများအတွက် ဖြစ်သင့်သလို ပြန်စေရန် ဥက္ကဋ္ဌကအချိန်မှီ သတ်မှတ်ပေးရမည်။

(ဂ) စာမေးပွဲ ကျင်းပသည့် ၃-ရက် အတွင်း၌ စာပြန်ရက် လွတ် မရှိစေရ။

(ဃ) စာပြန်သူသည် အပိုင်းတိုင်း ပြန်ဆိုနိုင်ရမည်။ တပိုင်းပိုင်း၌ မပြန်ဆိုနိုင်လျှင်၊ သို့မဟုတ် တပိုင်းပိုင်း၌ ၄-မှတ်မျှ မရလျှင်(အခြားအပိုင်းတို့က အမှတ်ပြည့်ပင် ရစေကာမူ)အောင်မြင်ခွင့် မရှိစေရ။

(င) တပိုင်းလျှင် ၁၀-မှတ်ထား၍ မေ့ထောက်ဖြစ်စေ၊ မှားပြင်ဖြစ်စေ တကြိမ်လျှင် ၁-မှတ်လျှော့ခံရမည်။

(စ) စာပြန်လက်ခံ ဇယား၌ စာပြန်ပုံ သန့်ရှင်းပီသသည်၊ သင့်တင့်သည်၊ မသန့်ရှင်း-မပီသ တို့ကိုပါ ရေးသွင်းရမည်။ အထူး သန့်ရှင်း ပီသသူအား ပီသရာ အပိုင်း၌ ၂-မှတ်အထိ ဆုပေးနိုင်သည်။

(ဆ) စာပြန်လက်ခံဇယားကို စာပြန်လက်ခံဆရာ လက်မှတ်ထိုး၍ ဥက္ကဋ္ဌထံ ကိုယ်တိုင်အပ်နှံရမည်။

(ဇ) စာပြန်ပုံမှာ လိုရာဖြတ်မေး မဖြစ်စေရ၊ တောက်လျှောက် ပြန်ဆိုခြင်းဖြစ်ရမည်။

(ဈ) ပြန်ဆိုရာ ဌာနသည် တခုတည်း ဖြစ်၍ တဆိုင်းနှင့် တဆိုင်း နီးကပ်သော် ပြန်စာထပ်တူ မဖြစ်စေရ။

(ည) မည်သည့် ပြန်စာ၌ မည်သည့်အချိန် မည်သည့်အပိုင်း ပြန်ဆိုရမည်ကို ကြိုတင်ကျေညာပေးရမည်။

၁၄။ ရေးဖြေကြီးကြပ်ရေးအဖွဲ့

ရေးဖြေကြီးကြပ်ရေးအဖွဲ့သည်—

(က) စာဖြေပုဂ္ဂိုလ်တို့ အတွက် နေရာထိုင်ခင်း ပြည့်စုံရန် ကြိုတင်စီစဉ်ရောက်နှင့်နေရမည်။

(ခ) ပုစ္ဆာစာအိတ်ကိုအချိန်စေ့ရောက်မှ ကြီးကြပ်ဥက္ကဋ္ဌရှေ့ စာမေးပွဲခန်းတွင်း၌သာ ဖေါက်ထုတ်ရမည်။

(ဂ) မေးခွန်းတွင် စာလုံး မပြတ်သား မထင်ရှား သော် ပြောကြားနိုင်သည်။ ပုစ္ဆာအဘောဘ် ဖေါ်ပြသည့် စကားမျိုး အဖြေစကားရိပ် ပါရှိသည့် စကားမျိုး မပြောကြားရ။

(ဃ) မေးခွန်း ဝေငှပြီးနောက် စာဖြေသူများ၏ မသမာ သည့်နည်းဖြင့် အဖြေရယူနိုင်သော မည်သည့်နည်း လမ်းမျိုးကို မဆို သတိကြီးစွာဖြင့် ပိတ်ပင်တားဆီး ရမည်။

(င) အဖြေလွှာများကို ကြည့်ရှုသုံးသပ်ခြင်းမပြုရ၊လုံခြုံစွာ ပြုလုပ်၍ ဥက္ကဋ္ဌအထံသို့ ပို့အပ်ရမည်။

၁၅။ အထွေထွေစည်းမျဉ်းများ

အထွေထွေစည်းမျဉ်းများမှာ—

(က) မူလဒွါရ မဟာနိကာယဝင် ရှင်ရဟန်းငယ်တို့၏ပညာ ရေးတိုးတက်မှု စသည် ရည်ရွယ်ချက်အရ ဤစာမေးပွဲ တွင် မူလဒွါရ မဟာ နိကာယ ဝင် တို့ အား သာလျှင် လက်ခံသည်။

(ခ) ဤဓမ္မဝိနယ စာမေးပွဲတွင် အောင်မြင်ပြီး အတန်းကို ထပ်မံဖြေဆိုခွင့်မပြု၊ မအောင်မြင်သေးသော အတန်း ကို ဝင်လိုရာအတန်း၌ ဝင်ခွင့်ပြုသည်။

(ဂ) စာချတန်းကိုကား ဤဓမ္မဝိနယ ပဌမကြီးတန်းအောင် မြင်ပြီးမှသာ ဝင်ခွင့်ပြုသည်။

(ဃ) ဓမ္မဝိနယစာမေးပွဲနှင့်စပ်၍ ရှောင်တခင်ပြဿနာများ၌ ပညာရေးအဖွဲ့ဥက္ကဋ္ဌ၏အာဏာဖြင့် ဆုံးဖြတ်ဖြေရှင်းနိုင်သည်။

မူလဒွါရ မဟာနိကာယ ဓမ္မဝိနယစာမေးပွဲ စည်းမျဉ်းဥပဒေ ပြီး၏။

ပြဋ္ဌာန်း သတ်မှတ်ချက် အတန်းနှင့် ကျမ်းစာများ

မူလဒွါရ မဟာနိကာယ ဓမ္မဝိနယစာမေးပွဲ ပြဋ္ဌာန်းသတ်မှတ်အပ်သော အတန်းနှင့် ကျမ်းစာများမှာ—

အာဂုမ် ပြန်တန်း၌ ၁- ရှင်ကျင့်ဝတ်တန်း၊ ၂-ဝိနည်းငယ်တစောင်တန်း၊ ၃-ဝိနည်းငယ် နှစ်စောင်တန်း၊ ၄-ဝိနည်းငယ်သုံးစောင်တန်းတို့ ဖြစ်ကြလေသည်။

ရေးဖြေတန်း၌ ၁။ မူလပဌမဆင့်-ရှင်ကျင့်ဝတ်၊ သဒ္ဒါ ၂-စောင်၊ သင်္ဂဟ ၃-ပိုင်း။

၂။ မူလ ဒုတိယ ဆင့် - ရှင်ကျင့်ဝတ်၊ သဒ္ဒါ ၅-စောင်၊ သင်္ဂဟ ၆-ပိုင်း။

၃။ မူလ တတိယဆင့် - ရှင်ကျင့်ဝတ်၊ သဒ္ဒါ ၈-စောင်၊ သင်္ဂဟ ၉-ပိုင်း။

၄။ ပဌမငယ်။ ၅။ ပဌမလတ်။

၆။ ပဌမကြီးတို့မှာ အစိုးရ ပဌမပြန်နှင့် အလားတူ ဖြစ်ကြလေသည်။

သီးခြားတန်း၌ ၁။ မူလသိက္ခာရေးဖြေတန်း၊ ၂။ ခုဒ္ဒသိက္ခာရေးဖြေတန်းတို့ ဖြစ်ကြလေသည်။

အထူးတန်း၌ ၁။ ဓမ္မာစရိယစာချတန်း ဖြစ်လေသည်။

ဓမ္မဝိနယ ရှင်ကျင့်ဝတ် ပြီး၏။

(င) အဖြေလွှာ စီစစ်ရေး အဖွဲ့သည် သတ်ပုံ မှား ခြင်း၊ လက်ရေးညံ့ဖျင်းခြင်းစသည်တို့အတွက် သင့်လျော်သလိုအရေးယူခြင်းနှင့်လက်ရေးကောင်းခြင်း၊အဖြေလွှာ သန့်ရှင်း သပ်ယပ်ခြင်း စသည်တို့အတွက် သင့်လျော်သလို အခွင့်အရေးပေးခြင်း အာဏာများရှိသည်။

၁၂။ အောင်စာရင်းညှိနှိုင်းထုတ်ပြန်ရေး

အောင်စာရင်းညှိနှိုင်းထုတ်ပြန်ရေးအဖွဲ့အတွက် ဥက္ကဋ္ဌသည် —

(က) ၁-ပုစ္ဆာထုတ်ပုဂ္ဂိုလ်၊ ၂-အဖြေစစ်ပုဂ္ဂိုလ်၊ ၃-ပစ္စည်းထိန်း ပုဂ္ဂိုလ်၊ ၄-စာမေးပွဲကြီးကြပ်ပုဂ္ဂိုလ်တို့ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ယေဘုယျအားဖြင့် အောင်မှတ်သည် အာဂုမ်ပြန် ၇၅% ရေးဖြေ ၄၀ % ဖြစ်စေရမည်၊ အောင်မြင်သူ နည်းပါးခဲ့လျှင် အောင်မြင်မှုနည်းပါးရာ ဘာသာရပ် ပုစ္ဆာကို ပြန်လည်စီစစ်၍ မေးမြန်းပုံအဆင့် မြင့်သည် ဟု ထင်မြင်ရလျှင် အောင်မှတ်ကို ဖြည့်ပေးနိုင်သည်။ သို့မဟုတ် အောင်မှတ် ရာနှုန်းလျှော့ပေးနိုင်သည်။

(ဂ) စွမ်းနိုင်လျှင် အောင်စာရင်းကို အမှတ်စဉ် အတိုင်း ထုတ်ပြန်ရမည်။

၁၃။ စာပြန်လက်ခံရေးအဖွဲ့

စာပြန်လက်ခံရေးအဖွဲ့သည်—

(က) ပြန်ဆိုမည့် စာကို ၆-ပိုင်း ပိုင်း၍ တနေ့လျှင် ၂-ချိန် ၂-ပိုင်း ပြန်ဆိုစေရမည်။

(ခ) ရေးဖြေလည်းရှိနေသော စာပြန်သူများအတွက် ဖြစ်သင့်သလို ပြန်စေရန် ဥက္ကဋ္ဌကအချိန်မှီ သတ်မှတ်ပေး ရမည်။

(ဂ) စာမေးပွဲ ကျင်းပသည့် ၃-ရက် အတွင်း၌ စာပြန်ရက် လွတ် မရှိစေရ။

(ဃ) စာပြန်သူသည် အပိုင်းတိုင်း ပြန်ဆိုနိုင်ရမည်။ တပိုင်း ပိုင်း၌ မပြန်ဆိုနိုင်လျှင်၊ သို့မဟုတ် တပိုင်းပိုင်း၌ ၄-မှတ် မျှ မရလျှင်(အခြားအပိုင်းတို့က အမှတ်ပြည့်ပင် ရစေ ကာမူ)အောင်မြင်ခွင့် မရှိစေရ။

(င) တပိုင်းလျှင် ၁၀-မှတ်ထား၍ မေ့ထောက်ဖြစ်စေ၊ မှားပြင်ဖြစ်စေ တကြိမ်လျှင် ၁-မှတ်လျှော့ခံရမည်။

(စ) စာပြန်လက်ခံ ဇယား၌ စာပြန်ပုံ သန့်ရှင်းပီသသည်၊ သင့်တင့်သည်၊ မသန့်ရှင်း-မပီသ တို့ကိုပါ ရေးသွင်းရ မည်။ အထူး သန့်ရှင်း ပီသသူအား ပီသရာ အပိုင်း၌ ၂-မှတ်အထိ ဆုပေးနိုင်သည်။

(ဆ) စာပြန်လက်ခံဇယားကို စာပြန်လက်ခံဆရာ လက်မှတ် ထိုး၍ ဥက္ကဋ္ဌထံ ကိုယ်တိုင်အပ်နှံရမည်။

(ဇ) စာပြန်ပုံမှာ လိုရာဖြတ်မေး မဖြစ်စေရ၊ တောက် လျှောက် ပြန်ဆိုခြင်းဖြစ်ရမည်။

(ဈ) ပြန်ဆိုရာ ဌာနသည် တခုတည်း ဖြစ်၍ တဆိုင်းနှင့် တဆိုင်း နီးကပ်သော် ပြန်စာထပ်တူ မဖြစ်စေရ။

(ည) မည်သည့် ပြန်စာ၌ မည်သည့်အချိန် မည်သည့်အပိုင်း ပြန်ဆိုရမည်ကို ကြိုတင်ကျေညာပေးရမည်။

၁၄။ ရေးဖြေကြီးကြပ်ရေးအဖွဲ့

ရေးဖြေကြီးကြပ်ရေးအဖွဲ့သည်—

(က) စာဖြေပုဂ္ဂိုလ်တို့အတွက် နေရာထိုင်ခင်း ပြည့်စုံရန် ကြိုတင်စီစဉ်ရောက်နှင့်နေရမည်။

(ခ) ပုစ္ဆာစာအိတ်ကိုအချိန်စေ့ရောက်မှ ကြီးကြပ်ဥက္ကဋ္ဌရှေ့ စာမေးပွဲခန်းတွင်း၌သာ ဖေါ်ထုတ်ရမည်။

(ဂ) မေးခွန်းတွင် စာလုံး မပြတ်သား မထင်ရှားသော် ပြောကြားနိုင်သည်။ ပုစ္ဆာအာဘော် ဖေါ်ပြသည့် စကားမျိုး အဖြေစကားရိပ် ပါရှိသည့် စကားမျိုး မပြောကြားရ။

(ဃ) မေးခွန်း ဝေငှပြီးနောက် စာဖြေသူများ၏ မသမာ သည့်နည်းဖြင့် အဖြေရယူနိုင်သော မည်သည့်နည်း လမ်းမျိုးကို မဆို သတိကြီးစွာဖြင့် ပိတ်ပင်တားဆီး ရမည်။

(င) အဖြေလွှာများကို ကြည့်ရှုသုံးသပ်ခြင်းမပြုရ၊လုံခြုံစွာ ပြုလုပ်၍ ဥက္ကဋ္ဌအထံသို့ ပို့အပ်ရမည်။

၁၅။ အထွေထွေစည်းမျဉ်းများ

အထွေထွေစည်းမျဉ်းများမှာ—

(က) မူလဒ္ဒါရ မဟာနိကာယဝင် ရှင်ရဟန်းငယ်တို့၏ပညာ ရေးတိုးတက်မှု စသည် ရည်ရွယ်ချက်အရ ဤစာမေးပွဲ တွင် မူလဒ္ဒါရ မဟာ နိကာယ ဝင် တို့ အား သာလျှင် လက်ခံသည်။

(ခ) ဤမူလဝိနယ စာမေးပွဲတွင် အောင်မြင်ပြီး အတန်းကို ထပ်မံဖြေဆိုခွင့်မပြု၊ မအောင်မြင်သေးသော အတန်း ကို ဝင်လိုရာအတန်း၌ ဝင်ခွင့်ပြုသည်။

(ဂ) စာချတန်းကိုကား ဤမူလဝိနယ ပဌမကြီးတန်းအောင် မြင်ပြီးမှသာ ဝင်ခွင့်ပြုသည်။

(ဿ) ဓမ္မဝိနယစာမေးပွဲနှင့်စပ်၍ ရှောင်တခင်ပြဿနာများ ၌ ပညာရေးအဖွဲ့ ဥက္ကဋ္ဌ၏အာဏာဖြင့် ဆုံးဖြတ်ဖြေရှင်း နိုင်သည်။

မူလဒွါရ မဟာနိကာယ ဓမ္မဝိနယစာမေးပွဲ စည်းမျဉ်းဥပဒေ ပြီး၏။

ပြဋ္ဌာန်း သတ်မှတ်ချက် အတန်းနှင့် ကျမ်းစာများ

မူလဒွါရ မဟာနိကာယ ဓမ္မဝိနယစာမေးပွဲ ပြဋ္ဌာန်းသတ်မှတ် အပ်သော အတန်းနှင့် ကျမ်းစာများမှာ—

အာဂုမ်ပြန်တန်း၌ ၁- ရှင်ကျင့်ဝတ်တန်း၊ ၂-ဝိနည်းငယ် တစောင်တန်း၊ ၃-ဝိနည်းငယ် နှစ်စောင်တန်း၊ ၄-ဝိနည်းငယ် သုံးစောင်တန်းတို့ ဖြစ်ကြလေသည်။

ရေးဖြေတန်း၌ ၁။ မူလပဌမဆင့်-ရှင်ကျင့်ဝတ်၊ သဒ္ဒါ ၂-စောင်၊ သင်္ဂဟ ၃-ပိုင်း။

၂။ မူလ ဒုတိယ ဆင့် - ရှင်ကျင့်ဝတ်၊ သဒ္ဒါ ၅-စောင်၊ သင်္ဂဟ ၆-ပိုင်း။

၃။ မူလ တတိယဆင့် - ရှင်ကျင့်ဝတ်၊ သဒ္ဒါ ၈-စောင်၊ သင်္ဂဟ ၉-ပိုင်း။

၄။ ပဌမငယ်။ ၅။ ပဌမလတ်။

၆။ ပဌမကြီးတို့မှာ အစိုးရ ပဌမပြန်နှင့် အလား တူ ဖြစ်ကြလေသည်။

သီးခြားတန်း၌ ၁။ မူလသက္ခာရေးဖြေတန်း၊ ၂။ ခုဒ္ဒသိက္ခာ ရေးဖြေတန်းတို့ ဖြစ်ကြလေသည်။

အထူးတန်း၌ ၁။ ဓမ္မာစရိယစာချတန်း ဖြစ်လေသည်။

ဓမ္မဝိနယ ရှင်ကျင့်ဝတ် ပြီး၏။

ဒွါရဝါဒီမှု

ဓမ္မဝိနယ ရှင်ကျင့်ဝတ်

နှင့်

ဓမ္မဝိနယ ဝတ်ရွတ်စဉ်

★

ဒုတိယအကြိမ် ရိုက်နှိပ်ဖြန့်ချီခွင့်ရသူများ

(ဆဋ္ဌသံဂါယနာမှ ပိဋကတ်တော်များကိုယ်စားလှယ်)

ပညာရောင်ခြည်စာပေဌာန၊

ကိုတင်အောင်-မခင်နု

ကိုးထပ်ကြီးဘုရား၊ ကြည့်မြင်တိုင်၊

ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေပုံနှိပ်ထုတ်ဝေခွင့်ပြုချက်
အမှတ်(၄၄၃၅)
ထုတ်ဝေသူ—ဒေါ်ခင်နု၊ (မှတ်ပုံတင်အမှတ်"မြ"-၀၂၄၀)
ပညာရောင်ခြည်စာပေဌာန
ကိုးထပ်ကြီးဘုရား-ဗားကရာလမ်း၊ ကြည့်မြင်တိုင်-ရန်ကုန်မြို့။
ပုံနှိပ်သူ—ဦးကြီးမောင်(မှတ်ပုံတင်အမှတ်"မြ"၀၂၄၀)
ခေတ်-စာပုံနှိပ်လုပ်ငန်း
အမှတ်-၉၀၊ ကွမ်းရွဲတန်း၊ ကြည့်မြင်တိုင်။